# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 28 April 2022 ၁၀၇၁၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်ရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော် သီမာသမ္မုတိ သိမ်သမုတ်ကံဆောင်ခြင်း အောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနား ကျင်းပ

## သံဃာတော်အပါး ၁၈၀ နှင့် လူပုဂ္ဂိုလ် ၁၈၉၀ ဝင်ဆံ့နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အကြီးဆုံး သိမ်တော်ကြီးတစ်ခု ဖြစ်လာမည်



**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိမာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ဝတ္ထုကံတော်အတွင်း တည်ဆောက်မည့် သာသနာ့ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော် သီမာသမ္မုတိသိမ်သမုတ်ကံဆောင်ခြင်းနှင့် အောင်ပွဲမင်္ဂလာကုသိုလ်တော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ၊ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏတို့ အမှူးပြုသည့် သံဃာတော်၅၄ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ပုံစံငယ်ကို ကြည့်ရှုစဉ်။




ကြေးမုံ

# ငြိမ်းချမ်းရေးအသီးအပွင့်များခံစားနိုင်ရေး ရိုးသားပွင့်လင်းစွာဆွေးနွေး

ယခုလာမည့် ၂၀၂၃ ခုနှစ် လွတ်လပ်ရေးနေ့သည် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ (၇၅) နှစ် စိန်ရတု မှသည် ရာပြည့်ကာလသို့ ခရီးဆက်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက် နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာပြီဖြစ်သော်လည်း လွတ်လပ်ရေး အသီးအပွင့်များဖြစ်သည့် ငြိမ်းချမ်းသာယာဝပြောမှုကို အားလုံးတန်းတူခံစား ရခြင်းမရှိသေးပေ။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ များမှာ ယနေ့ထက်တိုင်အောင် အဆုံးမသတ်နိုင်သေးသည်မှာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းရှိမည်ဟု ဆိုရမလိုဖြစ်သည်။ တိုင်းပြည်ငြိမ်းချမ်းရေး မရရှိသေးသဖြင့် တောင်တန်း-မြေပြန့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နိုင်ခြင်းမရှိသေးပေ။ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသောဒေသများတွင် တိုင်းရင်းသားပြည်သူများမှာ တိုက်ပွဲရှောင်နေကြရ၍ မိမိတို့၏ လူမှုစီးပွားဘဝများ တိုးတက်အောင် လုပ်ဆောင်နိုင်ခြင်းမရှိပေ။ လက်နက်ကိုင်ပဋိပက္ခများကို ရှောင်ရှား နေရသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အပြည့်အဝလုပ်ဆောင်နိုင်ခြင်း မရှိပေ။ အကျိုးရလဒ်မှာ ဒေသတွင်းနိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသည့် နိုင်ငံဖြစ်နေသည်။

ငြိမ်းချမ်းရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်မှသာ ဒီမိုကရေစီ၏ အနှစ်သာရ၊ လွတ်လပ်ရေး၏အသီးအပွင့်များကို တိုင်းရင်းသားပြည်သူအားလုံး အပြည့်အဝရရှိခံစားနိုင်မည်ဖြစ်သည်။ ယခု ၂၀၂၂ ခုနှစ်သည် စိန်ရတုပြည်ထောင်စု နေ့ကာလဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သက်သေထူနိုင်ခဲ့သည့် စိန်ရတုကာလဖြစ်သောကြောင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထား သည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က “၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် လက်နက် ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမည်”ဟု ပြောကြားထားသည်။

ထို့ကြောင့် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင် အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းပြောကြား ရာ၌ “တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေး ဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို ကျွန်တော်ကိုယ်တိုင် တွေ့ပါမယ်။ ပြီးလို့ရှိရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်များနဲ့ ဆွေးနွေးမှုများ ပြုလုပ်သွားပါမယ်။ လိုအပ်ရင်လည်း ထပ်မံဆွေးနွေးမှုတွေကိုလည်း ပြုလုပ်သွားပါမယ်။ ဒီဆွေးနွေးပွဲကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်များကိုယ်တိုင်နဲ့ အဖွဲ့ဝင်နှစ်ဦးစီ တက်ရောက်ပေးကြပါ”ဟု အသိပေး ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ အစဉ်အဆက်တောင်းဆိုလာခဲ့သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ သော ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ခိုင်ခိုင်မာမာ အာမခံထားပြီးဖြစ်သည့် အပြင် ငြိမ်းချမ်းရေးကို အကြွင်းမဲ့လိုလားလျက်ရှိသည်။ ယခုအခါ ငြိမ်းချမ်းရေးကို မဖြစ်မနေရရှိရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သောကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးကို တိတိကျကျခိုင်ခိုင်မာမာ ဖိတ်ခေါ်လိုက်ပေသည်။ ယခုပြုလုပ် မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ထူးခြားလေးနက်မှုအသွင်ကို ဆောင်နေပြီး ငြိမ်းချမ်းရေးလုပ်ငန်းများ ထိထိရောက်ရောက် ပြီးပြီးပြတ်ပြတ် ဆောင်ရွက်နိုင်ရန် ခေါင်းဆောင်များနှင့် တိုက်ရိုက်ဆွေးနွေးကြမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ကြမည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်း အား မေလ ၉ ရက်နေ့ နောက်ဆုံးထားကာ ပြန်ကြားပေးရန် အကြောင်းကြားထားပြီး နှစ်ဖက်ညှိနှိုင်းပြီးနောက် သတ်မှတ်ရက်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်သွား မည်ဖြစ်သည်။ ယခုအခါတွင် မြန်မာနိုင်ငံအတွင်းမှ တိုင်းရင်းသားပြည်သူများနှင့် အဖွဲ့အစည်းအသီးသီးတို့က ငြိမ်းချမ်းရေးကို ပြင်းပြစွာလိုလားလျက်ရှိသဖြင့် ယခု ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကြိုဆိုပါကြောင်း ဝမ်းမြောက်ဝမ်းသာ အသိပေးနေကြသည်။ ငြိမ်းချမ်းရေးကို အားလုံးကလိုလားကြသလို လက်ရှိအနေ အထားအရလည်း မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေရရှိနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည့်အချိန်အခါဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ဝပြောပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးအသီးအပွင့်များကို တန်းတူညီမျှ ရရှိခံစားနိုင်ရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ် ငြိမ်းချမ်းရေးနှစ်တွင် ထာဝရငြိမ်းချမ်းရေး မနေးအမြန်ရရှိစေရန် ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း အားလုံးပါဝင်ဆွေးနွေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ် ပါကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေး အတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ် ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့်လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေး ထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## အမရပူရခေတ် အမျိုးသား/ အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေရောင်းချမည်

နေပြည်တော် မေ ၂၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ စာတိုက်လုပ်ငန်းမှ အမရပူရခေတ် အမျိုးသား/ အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် နှစ်မျိုးအား ၂၀၂၂ ခုနှစ် မေ ၂၉ ရက် (မြန်မာ သက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလကွယ်နေ့) (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသ ကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ရောင်းချပေးသွား မည်ဖြစ်သည်။







အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟို စာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီး တို့တွင် ၂၀၂၂ ခုနှစ် မေ ၂၉ ရက် (သောကြာနေ့)တွင် ဝယ်ယူ သော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇ - ၄ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၈၀၀ | ၇,၈၀၀ | ၂၈၂ | ၂,၁၉၉,၆၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၃၅၀ | ၉၄၅,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၅၀ | ၉၀၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၈၉၃ | ၂,၃၂၁,၈၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၉၀၀ | ၂,၃၄၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၁၅၀ | ၇၃၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၆၃.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၂.၀၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၈၃၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၃၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၁၂၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၂.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၁.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၅.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆောင်ရွက်တော်မူ

ဦးစွာ သံဃာတော်များက ဝိသုံဂါမသီမာသမ္မုတိ သိမ်သမုတ်ကံဆောင်ခြင်းအား ဝိနယဥပဒေသများနှင့် လျော်ညီစွာ ဆရာထေရ်စဉ်ဆက်တို့၏ ဩဝါဒများနှင့်အညီ ဆောင်ရွက်တော်မူကြသည်။




မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ဝတ္ထုကံတော်အတွင်း သံဃာတော်များက ဝိသုံဂါမသီမာသမ္မုတိ သိမ်သမုတ်ကံဆောင်ခြင်းကို ဆောင်ရွက်တော်မူကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

ယင်းနောက် သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်သီမာသမ္မုတိသိမ်သမုတ်ကံဆောင်ခြင်း အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ဂါထာတော်များ ရွတ်ဆိုပူဇော်၍ မေတ္တာပြုချီးမြှင့်တော်မူကြသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တယပူဇာဂါထာနှင့် မေတ္တာပို့ လင်္ကာနှစ်ပိုဒ်ကို သံပြိုင်ညီညာသုံးကြိမ်ရွတ်ဆို ပွားများပူဇော်ကြသည်။

### ရှင်းလင်းလျှောက်ထား

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီးက ဝိသုံဂါမသိမ်တော်ကံဆောင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားရာတွင် ဝိသုံဂါမသိမ်တော်၏ ဘွဲ့တော်အမည်ကို အဂ္ဂါဓိပတိဘွဲ့ အမည် သမုတ်နိုင်ရန် လျှောက်ထားပြီး ဩဝါဒခံယူတော်မူရာ ဆရာတော်များက သာဓု သုံးကြိမ်ခေါ်ဆို၍သဘောဆန္ဒတူညီတော်မူကြသည်။

ထို့နောက် အခမ်းအနားမှူးက သာသနာ့ဗိမာန် ဝိသုံဂါမသိမ်တော် မင်္ဂလာအောင်ဩဘာ စာတမ်းကိုဖတ်ကြားကာ မေတ္တာပို့အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

### ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော် ပုံစံငယ်ကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီး မြေနေရာအား မေ ၂၃ ရက် ညနေပိုင်းတွင် ပါဠိဆရာတော်ကြီး အမှူးပြုသည့် သံဃာတော် ၁၂ ပါးက အန္တရာယိက အန္တရာယ်ကင်းအခမ်းအနားကို လည်းကောင်း၊ မေ ၂၄ ရက်မှ ၂၆ ရက်အထိ သံဃာတော် ၁၁၇ ပါးက သီမာသမူဟနန သိမ်နုတ်ကံဆောင်ခြင်း အခမ်းအနားကို လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် ပေါက်မြိုင်ကျောင်းတိုက်ဆရာတော်နှင့် မဟာသီဟနာဒကျောင်းတိုက်ဆရာတော်တို့ အမှူးပြုသည့် သံဃာတော် ၅၄ ပါးက သီမာသမ္မုတိ သိမ်သမုတ်ကံဆောင်ခြင်း အခမ်းအနားကိုလည်းကောင်း ဝိနယဥပဒေသများနှင့်လျော်ညီစွာ ဆရာထေရ်စဉ်ဆက်တို့၏ ဩဝါဒများနှင့်အညီ ဆောင်ရွက်တော်မူခဲ့ကြသည်။

### မြန်မာနိုင်ငံတွင် အကြီးဆုံး

ယခုတည်ဆောက်မည့် သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးအား ဆရာတော်ကြီးများ၏ ဩဝါဒခံယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သိမ်တော်ကြီးသည် အလျား ၂၀၈ ပေ၊ အနံ ၂၀၅ ပေရှိပြီး သံဃာစင်တွင် သံဃာတော်အပါး ၁၈၀၊ ဘေးခုံတန်းနှစ်ဖက်နှင့် အလယ်ခန်းမတွင် လူပုဂ္ဂိုလ် ၁၈၉၀ ဝင်ဆံ့နိုင်မည်ဖြစ်ကာ ယခုသိမ်တော်ကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံးသိမ်တော်ကြီးတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**○ သိမ်တော်ကြီးသည် အလျား ၂၀၈ ပေ၊ အနံ ၂၀၅ ပေရှိပြီး သံဃာစင်တွင် သံဃာတော်အပါး ၁၈၀၊ ဘေးခုံတန်းနှစ်ဖက်နှင့် အလယ်ခန်းမတွင် လူပုဂ္ဂိုလ် ၁၈၉၀ ဝင်ဆံ့နိုင်မည်ဖြစ်ကာ ယခုသိမ်တော်ကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံး သိမ်တော်ကြီးတစ်ခုဖြစ်လာမည်**



သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ပုံစံငယ်။

# မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သကဲ့သို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအစားအသောက် ထိန်းချုပ်ရေးဆိုင်ရာစနစ်များနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်

✰ ကျောဖုံးမှ

အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နီးနွယ်ဆက်စပ်ဌာနများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေး စသည့်အမျိုးသားရေးရည်မှန်းချက်နှစ်ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အဓိကအသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ကြကြောင်း၊ အစားအသောက် ကနဦးထုတ်လုပ်သူများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှစတင်၍ အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် အခြေခံအစားအသောက်များကို ထုတ်လုပ်နိုင်ရန်လိုအပ်ပြီး တန်ဖိုးမြှင့် စားသောက်ကုန်များအဖြစ် ထပ်ဆင့်ထုတ်လုပ်ရာတွင်လည်း အသေးစား၊ အလတ်စားမှစ၍ စားသောက်ကုန်လုပ်ငန်းကြီးများအထိ အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ ကုန်ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရန် အရေးကြီးကြောင်း။

## ရည်မှန်းဆောင်ရွက်

ထို့ပြင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီစွာ စနစ်တကျထုပ်ပိုး၍ နိုင်ငံတကာဈေးကွက်များတွင် ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးကိုလည်း ရည်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအနေဖြင့် အခြေခံအစားအသောက်ထုတ်ကုန်များ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးကျင့်စဉ်များနှင့်အညီ ထုတ်လုပ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ကောင်းမွန်သော အလေ့အကျင့်ကောင်းများပါဝင်သည့် (Good Agriculture Practices–GAP) စံချိန်စံညွှန်းနှင့်အညီ လိုက်နာကျင့်သုံးရန် နည်းပညာပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ GAP နည်းစနစ်ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးနည်းစနစ်ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်မည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးသူတောင်သူများအတွက်လည်း ဝင်ငွေတိုးလာမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေး တိုးတက်မှုကို အကျိုးများစွာရရှိမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြန်မာ GAP Guideline နှင့် သီးနှံ ၁၅ မျိုးအတွက် GAP Protocol ကို ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ သီးနှံ ၅၆ မျိုးအတွက် မြန်မာ GAP အသိအမှတ်ပြုလက်မှတ်စုစုပေါင်း ၃၆၁၆ ခုထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ပြင် "သီးနှံများအတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စံချိန်စံညွှန်း"ကို အမျိုးသားစံချိန်စံညွှန်းကောင်စီက နိုင်ငံတော်စံချိန်စံညွှန်းအဖြစ် အတည်ပြုခဲ့ပြီးဖြစ်သည့်အပြင် အာဆီယံအော်ဂဲနစ် စံချိန်စံညွှန်းများကို အခြေခံ၍ မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းများကို ရေးဆွဲထားပြီးဖြစ်ကြောင်း။

## စံချိန်စံညွှန်းကိုးမျိုးရေးဆွဲ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော မွေးမြူရေးထုတ်ကုန်များအတွက် ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်များကို အခြေခံ၍ စံချိန်စံညွှန်းကိုးမျိုးရေးဆွဲထားရှိကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်းမွန်သည့် တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် တိရစ္ဆာန်ထွက်ထုတ်ကုန်များ မွေးမြူထုတ်လုပ်ရရှိလာနိုင်ခြင်း၊ စားသုံးသူများ ဘေးကင်းစွာစားသုံးနိုင်ခြင်း၊ မွေးမြူရေးခြံလုပ်သားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေခြင်း၊ ဇီဝလုံခြုံမှု ကောင်းမွန်လာစေခြင်း၊ ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်များနှင့်အညီ ထုတ်လုပ်ထားသည့် ထုတ်ကုန်ဈေးကွက် ဖြစ်ပေါ်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းတွင် မွေးမြူရေးဇုန် ၂၇ ဇုန်နှင့် ခွာနာလျှာနာ ထိန်းချုပ်ရေးဇုန် ငါးဇုန် ဖော်ဆောင်ထားရှိပြီး ကျင့်စဉ်များနှင့်အညီ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် GAHP အသိအမှတ်ပြု မွေးမြူရေးခြံစုစုပေါင်း ၄၄ ခြံ ရှိလာပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံအစားအသောက်ထိန်းချုပ်ရေးဆိုင်ရာ စနစ်များနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် နည်းစနစ်ပိုင်းဆိုင်ရာ တစ်ပြေးညီဖြစ်စေရန်အတွက် စည်းမျဉ်းများကိုရေးဆွဲ၍ ညွှန်ကြားချက်အမှတ်၊ ၈/၂၀၁၈ ကို ထုတ်ပြန်ကာ လိုက်နာဆောင်ရွက်စေလျက်ရှိကြောင်း၊ အစားအသောက်ဘေးကင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကိုလည်း လိုက်ပါဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းများမှ ထုတ်လုပ်ထွက်ရှိလာသည့် အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်သည့်အစားအသောက်များကို အများပြည်သူဝယ်ယူသုံးစွဲနိုင်ရေးသည် အရေးကြီးသည့်အတွက် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ သိုလှောင်သည့် နည်းစနစ်များ၊ ဖြန့်ဖြူးရောင်းချခြင်းစနစ်များကို အလေးထားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်စိမ်းဈေး၊ အသား/ငါးဈေးများတွင် ဈေးရောင်းချသူများအနေဖြင့် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို သိရှိလိုက်နာရန် လိုအပ်သကဲ့သို့ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ်ပညာပေးကြီးကြပ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အစားအသောက်ကိုင်တွယ်ချက်ပြုတ်သူများအနေဖြင့်လည်း ဘေးကင်းလုံခြုံစွာ စားသောက်နိုင်ရေးအတွက် စနစ်တကျကိုင်တွယ်ချက်ပြုတ်နိုင်ရန်အတွက် ပညာပေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိ လူနေမှုဘဝ စားသောက်မှုပုံစံများ ပြောင်းလဲလာမှုအရ လတ်ဆတ်သည့် အသီးအရွက်၊ အသား/ငါး အစရှိသည်ကို ဝယ်ယူချက်ပြုတ်စားသောက်မှုများအပြင် အသင့်ထုပ်ပိုးပြီး ကြာရှည်ခံအောင်ဆောင်ရွက်ထားသည့် အစားအသောက်များကိုလည်း လူအများစုစားသောက်နေကြသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အခြေခံစားသောက်ကုန်များအား စတင်ထုတ်လုပ်စဉ်မှ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုး ထုတ်လုပ်သည်အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီရှိစေရေး အမြဲအလေးအနက်ထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်ပြည်သူများစားသုံးနေကြသည့် အသင့်ထုပ်ပိုးပြီး စားသောက်ကုန်များသည် အသေးစားကုန်ထုတ်လုပ်ငန်းများမှ အများစုထွက်ရှိလာပြီး အသေးစားထုတ်ကုန် ၁၇၂၃၄ ခုအနက် စားသောက်ကုန်လုပ်ငန်းအနေဖြင့် ၄၂၆၅ ခု ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ အရည်အသွေးကောင်းမွန်သည့်အပြင် ဘေးဥပဒ်ကင်းစင်သည့် အစားအသောက်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

## စိစစ်ပေးလျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းစားသောက်ကုန်များသာမက ပြည်ပမှတင်သွင်းလာသည့် စားသောက်ကုန်များကိုလည်း ဈေးကွက်မတင်မီကတည်းက စိစစ်ပေးလျက်ရှိရာတွင် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိသည့် အစားအသောက်လုပ်ငန်းပေါင်း ၁၀၅၆ ခုနှင့် သောက်ရေသန့်လုပ်ငန်းပေါင်း ၂၃၆၈ ခုရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံမှထွက်ရှိသည့် ကော်ဖီ၊ ခေါက်ဆွဲ၊ လက်ဖက်စသည့် စားသောက်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်ရေးစိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနအနေဖြင့် ဝန်ထမ်းများကို ခေတ်ကာလနှင့်အညီ စွမ်းရည်မြှင့်တင်ခြင်း၊ ပြည်တွင်းစားသောက်ကုန် စံချိန်စံညွှန်းများ ရေးဆွဲအတည်ပြုခြင်း၊

စာမျက်နှာ ၅ သို့ ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒမိတ်ဆက်ခြင်းနှင့် ဖြန့်ဝေခြင်း အထိမ်းအမှတ်ပြခန်းများတွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစဉ်။

❖ အာဆီယံအော်ဂဲနစ် စံချိန်စံညွှန်းများကို အခြေခံ၍ မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းများကို ရေးဆွဲထားပြီးဖြစ်

❖ နိုင်ငံတစ်ဝန်းတွင် မွေးမြူရေးဇုန် ၂၇ ဇုန်နှင့် ခွာနာလျှာနာ ထိန်းချုပ်ရေးဇုန် ငါးဇုန် ဖော်ဆောင်ထားရှိပြီး ကျင့်စဉ်များနှင့်အညီ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိ

❖ အခြေခံစားသောက်ကုန်များအား စတင်ထုတ်လုပ်စဉ်မှ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုး ထုတ်လုပ်သည်အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရှိစေရေး အမြဲအလေးအနက်ထားပြီး ဆောင်ရွက်ရမည်

○ စာမျက်နှာ ၄ မှ

အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များကိုလည်း ခေတ်နှင့်အညီ ပြင်ဆင်ထုတ်ပြန်ခြင်းတို့ကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း။

### စားသုံးသူများအတွက် ကာကွယ်ပေးရာရောက်မည်

နိုင်ငံတစ်ဝန်းရှိအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲများသည် အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်းပြီး ဈေးကွက်အတွင်း အများပြည်သူစားသုံးရန်မသင့်သည့် အစားအသောက်များကို ရှာဖွေစိစစ်ခြင်းလုပ်ငန်းများ လစဉ်ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာ စားသုံးရန်မသင့်သည့် အစားအသောက်ကိုတွေ့ရှိပါက လိုအပ်သလို ဥပဒေအရအရေးယူခြင်းများကိုလည်း တိုးမြှင့်ပြုလုပ်ဆောင်ရွက်သွားခြင်းဖြင့် တစ်ဖက်တစ်လမ်းက စားသုံးသူများအတွက် ကာကွယ်ပေးရာရောက်မည်ဖြစ်ကြောင်း။

စားသုံးသူပြည်သူများအနေဖြင့် ဝယ်ယူစားသုံးသည့် စားသောက်ကုန်၏ အမှတ်တံဆိပ်ရှိ ပါဝင်ပစ္စည်းကိုကြည့်ရှုပြီး မိမိတို့ကျန်းမာရေးအတွက် သင့်လျော်သည့်အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်နိုင်စေရန်၊ သက်တမ်းလွန် အစားအသောက်များကိုသိရှိပြီး ရှောင်ရှားနိုင်ရန်နှင့် စားသောက်ကုန်ဖြန့်ဖြူးရောင်းချမှုနှင့်ပတ်သက်ပြီး ခြေရာခံမှုအားကောင်းရန်အတွက် "အသင့်ထုပ်ပိုးထားသောအစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်(၈/၂၀၂၂)"ကိုလည်း ထုတ်ပြန်ပေးထားပြီးဖြစ်၍ သိရှိလိုက်နာကြမည်ဆိုလျှင်လည်း မိမိနှင့်တကွ မိသားစုတိုင်း၏ ကျန်းမာရေးထိခိုက်စေမည့် ဘေးအန္တရာယ်ကိုလည်း တစ်စိတ်တစ်ပိုင်း ကာကွယ်တားဆီးရာရောက်မည်ဖြစ်ကြောင်း။

### တိုးမြှင့်ဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်လည်း ကျန်းမာရေးထိခိုက်စေနိုင်သည့် စားသောက်မှုပုံစံများနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်းများကို ယခုထက်ပိုပြီး တိုးမြှင့်ဆောင်ရွက်ပေးသွားရန် တိုက်တွန်းလိုကြောင်း၊ ခေတ်အဆက်ဆက် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဥပဒေများ ချမှတ်နိုင်ရန် ကြိုးစားခဲ့ကြသော်လည်း လိုအပ်ချက်တစ်ရပ်အဖြစ်ရှိနေခဲ့ကြောင်း၊ ရေရှည်အကျိုးစီးပွားကိုရှေးရှုသည့် ပွင့်လင်းမြင်သာပြီး ခိုင်မာသည့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒရှိမှသာ သက်ဆိုင်ရာကဏ္ဍအလိုက် တိကျသည့်တာဝန်ခွဲဝေမှုရှိသည့် စနစ်တစ်ရပ်ထူထောင်နိုင်သကဲ့သို့ မူဝါဒနှင့်လျော်ညီသည့် ခေတ်မီဥပဒေများ၊ နည်းဥပဒေများကို ချမှတ်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားအဆင့်အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒသည် ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လုပ်ဆောင်ချက် သမိုင်းမှတ်တမ်းတစ်ခုဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ မိမိတို့ပြည်သူလူထု၏ ကျန်းမာရေးအတွက် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းနေရန်ဆိုသည့် မျှော်မှန်းချက်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတကာနှင့်လျော်ညီသည့် စံချိန်စံညွှန်းများ ပေါ်ထွက်လာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်လုပ်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများပေါ်ထွက်လာရေး၊ ပို့ကုန်လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေပိုမိုရရှိနိုင်ရေးတို့ကို ဆက်လက်လုပ်ဆောင်သွားနိုင်ရန် မျှော်မှန်းပြီး ယခုမူဝါဒကို ရေးဆွဲချမှတ်ရခြင်းဖြစ်ကြောင်း။

### တာဝန်ကိုယ်စီရှိ

ယခုမူဝါဒကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အာဆီယံအဖွဲ့တို့၏ အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ် ထိန်းချုပ်ရေးစနစ်ဆိုင်ရာ ဥပဒေသများနှင့်လည်း လိုက်လျောညီထွေရှိစေရန် ချမှတ်ထားခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး တာဝန်ကိုယ်စီရှိသည်ကို ပြောကြားလိုကြောင်း၊ ယခုမူဝါဒအရ သက်ဆိုင်ရာနယ်ပယ်အလိုက် တိကျသည့် တာဝန်ခွဲဝေမှုများပေါ်ပေါက်လာမည်ဖြစ်ပြီး အစားအသောက်ကြောင့်ဖြစ်သည့် ကျန်းမာရေးဆိုးကျိုးများကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် စိတ်ချယုံကြည်ရသည့် အစားအသောက်ဈေးကွက်တစ်ရပ် ထူထောင်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာနယ်ပယ်အချင်းချင်း ချိတ်ဆက်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံ၏လုပ်အားစွမ်းအားစု လေးပုံသုံးပုံမှ ထုတ်လုပ်နေသည့် စိုက်ခင်းမှသည် စားသုံးသူအထိ အစားအသောက်ကွင်းဆက်တစ်လျှောက်ရှိ အစားအသောက်များသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်စုံကြွယ်ဝနေမှသာ မိမိတို့နိုင်ငံသူနိုင်ငံသားများအားလုံးသည် ကျန်းမာကြံ့ခိုင်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းပြည့်မီပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် စားသောက်ကုန်များကို ပြည်တွင်းတွင် တိုးမြှင့်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် ပြည်ပတင်ပို့သည့် အစားအသောက်ကုန်သွယ်မှု ဈေးကွက်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာကာ မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ များပြားပွင့်လန်းလာမည်ဖြစ်ကြောင်း။

ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

### ကြိုးစားဆောင်ရွက်

ထို့ကြောင့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်မည့် အစီအမံများချမှတ်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအားလုံး၊ သက်ဆိုင်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန်၊ မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာနှင့် လုပ်ငန်းများအောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အစားအသောက်ဘေးကင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့မှတ်တမ်း Video ပြသပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ မိတ်ဆက်ခြင်းနှင့် ဖြန့်ဝေခြင်း အထိမ်းအမှတ်ပြခန်းများနှင့် Food and Drug Administration Mobile Laboratory ယာဉ်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးတို့က ဦးဆောင်ကျင်းပကြသည်။

အစီအစဉ်ဒုတိယပိုင်းတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒနှင့်ပတ်သက်၍ မိတ်ဆက်ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းကို ကြိုဆိုထောက်ခံသည့် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

အဆိုပါမိန့်ခွန်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅) နှစ်တာကာလအတွင်း လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားများ အပြည့်အဝမခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေးရရှိစေရန်နှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန် ရည်ရွယ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် နှစ်ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိစေရန် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်သဖြင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)တို့က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်များကို ယနေ့တွင် အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။

ထိုသို့ပြောကြားရာတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိသည့်ကာလ ၇၅ နှစ်ကြာမြင့်ပြီဖြစ်သော်လည်း လွတ်လပ်ရေး၏အရသာကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးကြောင်း၊ ဤသည်မှာ လက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်ရည်ရွယ်လျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လေးနက်စွာကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။ ထိုမိန့်ခွန်းတွင် တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်ရည်ရွယ်လျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိစေရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

# အနာဂတ်ကွက်လပ်များ၏အဖြေ

**ဇင်ငြိမ်း**

## ကျောင်းများပြန်ဖွင့်

လာမယ့်မေလထဲမှာ အခြေခံပညာကျောင်းတွေရော တက္ကသိုလ်တွေပါ ပြန်ဖွင့်ပါတော့မယ်။ အခြေခံပညာကျောင်းတွေကတော့ ကိုဗစ်-၁၉ ဖြစ်ပြီးနောက်ပိုင်း ပြီးခဲ့တဲ့မတ်လကတည်းက စာမေးပွဲတွေဖြေပြီးလို့ စာသင်နှစ်တစ်နှစ် ပြီးသွားခဲ့ပါပြီ။ တက္ကသိုလ်တွေကတော့ အတန်းအကုန်လုံး ပြန်မဖွင့်နိုင်သေးပါဘူး။

> ဒီနေရာမှာ တစ်ခုခွဲခြားမြင်ဖို့က ကျောင်းဖွင့်လို့ ကျောင်းတက်တာဟာ နိုင်ငံရေးနဲ့ မဆိုင်ပါဘူး။ ပညာရေးနဲ့ နိုင်ငံရေးကို ခွဲခြားမြင်ကြရမှာပါ။ ကိုယ်တိုင်က ပညာသင်ခြင်း / မသင်ခြင်းက ကိုယ့်ရဲ့တစ်ဦးတည်းသဘောနဲ့ သက်ဆိုင်လို့ ကြိုက်သလိုဆုံးဖြတ်နိုင်ပါတယ်။ အခြားသူတွေ ကျောင်းတက်တာဟာ သူတို့ကိုယ်ပိုင်ဆန္ဒဖြစ်တဲ့ အတွက် အခြားသူတွေရဲ့သဘောဆန္ဒကို လေးစားခြင်းဟာ ယဉ်ကျေးတဲ့လူ့အသိုက်အဝန်းရဲ့ ကျင့်ဝတ်တစ်ခုဖြစ်ပါတယ်။ အပြန်အလှန်လေးစားခြင်းနဲ့ ကိုယ့်ဂုဏ်ကိုယ် မြှင့်ကြရပါတယ်။ ကျောင်းတက်တာ၊ ပညာရှာတာက သူတစ်ပါးကို ထိခိုက်စေ၊ နစ်နာစေတဲ့လုပ်ရပ်မဟုတ်ပါဘူး။ နောက်ပြီး ကျောင်းသား ကျောင်းသူတွေ ကျောင်းတက်ပြီး ပိုပြီးပညာတတ်လေ သူတို့အနာဂတ်တွေ၊ နိုင်ငံရဲ့အနာဂတ်တွေကို ပိုပြီးမျှော်လင့်နိုင်မှာမဟုတ်လား

အခုလာမယ့်မေလထဲမှာတော့ အတန်းအကုန်ပြန်ဖွင့်တော့မယ်လို့ ကြေညာထားပါတယ်။ အခုထိမဖွင့်နိုင်သေးတဲ့ အတန်းတွေက ကျောင်းသား ကျောင်းသူတွေဆို ကျောင်းပိတ်ထားတာ နှစ်နှစ်ကျော်နေပါပြီ။ ကျောင်းတွေပိတ်ထားရတော့ ကျောင်းသား ကျောင်းသူတွေအတွက် နစ်နာလှပါတယ်။ အချိန်ဆိုတာက ပြန်ရနိုင်တဲ့အရာမဟုတ်တော့ ပညာသင်ရမယ့်အရွယ်မှာ အချိန်တွေဆုံးရှုံးကုန်တာ အစားထိုးမရနိုင်တော့ပါဘူး။

ကိုဗစ်-၁၉ ဖြစ်လို့ ကျောင်းတွေပိတ်ထားတုန်းက ငွေကြေးတတ်နိုင်တဲ့သူတွေကတော့ နိုင်ငံခြားမှာ ကျောင်းသွားတက်ကြ၊ ပုဂ္ဂလိကကျောင်းကြီးတွေမှာ တက်ကြနဲ့ပေါ့။ တတ်နိုင်တာကိုး။ ဘာပဲဖြစ်ဖြစ် သူ့အသက်အရွယ်နဲ့သူ ကျောင်းထားနိုင်တာ ကောင်းပါတယ်။ ဘယ်မိဘမဆို ကိုယ့်သားသမီး၊ သူ့သားသမီး ကျောင်းထားချင်ကြတာပဲမဟုတ်လား။ ပညာရေးဆိုတာက ကလေးတွေအတွက် အနာဂတ်တွေပဲလေ။ အထူးသဖြင့် ငွေကြေးချို့တဲ့တဲ့မိသားစုတို့၊ ငွေကြေးအသင့်အတင့်ရှိသူတွေ အတွက်ကတော့ ကလေးတွေရှေ့ရေး အနာဂတ်ရင်းနှီးမြှုပ်နှံမှုဆိုတာ ပညာရေးကလွဲလို့ အခြားရွေးချယ်စရာနည်းလမ်း နည်းလှပါတယ်။ မရှိတာတော့ မဟုတ်ပါဘူး။ သက်မွေးပညာရေးဖြစ်ဖြစ်၊ ကျောင်းပြင်ပပညာရေးတို့ဆိုတာတော့ ရှိတာပေါ့။ ဒါပေမဲ့ သာမန်အားဖြင့်တော့ ပုံမှန်ပညာရေးကိုပဲ သင်ကြားပေးချင်ကြတာကိုး။ အခုလို ကျောင်းဖွင့်တော့မယ်ဆိုတော့ ကျောင်းသား ကျောင်းသူတွေ အတွက် ဝမ်းသာမိပါတယ်။

## ပညာရှာကြရာဝယ်

တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ဖြစ်လို့ ကျောင်းတွေပိတ်ထားရလို့ ပညာရေးအတွက် အကျပ်အတည်းဖြစ်နေကြတာ အာလုံးလိုလိုပါ။ ဒီလိုကာလမှာ ပညာရေးအတွက် အဟန့်အတားမဖြစ်စေချင်ပါဘူး။ ပညာရေးအခွင့်အလမ်းတွေ မဆုံးရှုံးစေချင်ဘူး။ အချိန်ရှိခိုက် လုံ့လစိုက်ပြီး ကြိုးစားသင်ယူစေချင်ပါတယ်။ တတ်နိုင်တဲ့သူတွေကတော့ တတ်နိုင်သလို စဉ်းစားကြပေါ့။ ဘယ်သူမဆို ဒီထက်တတ်နိုင်ရင်တော့ နိုင်ငံတကာအဆင့်မီကျောင်းကြီးတွေ၊ တက္ကသိုလ်ကြီးတွေဆီပို့ပြီး သင်ကြားစေချင်တာပဲ။ ဖြစ်နိုင်ရင် ဟားဗက်တက္ကသိုလ်ဆီအထိ ပို့ပြီး သင်စေချင်တာပေါ့။

အကောင်းဆုံးကျောင်းတွေ၊ တက္ကသိုလ်တွေမှာ ထားပြီး အကောင်းဆုံးပညာတွေ လူတိုင်းလိုလို ယူချင်ကြတာပေါ့။ ဒါပေမဲ့ အဲဒီလိုကျောင်းတွေမှာ တက်ဖို့အခွင့်အရေးတွေမရလို့၊ လက်လှမ်းမမီလို့၊ အခြေအနေမပေးလို့ဆိုပြီး ပညာမရှာဘဲနေလို့မှ မရတာ။ ပညာဆိုတာ ရှာတတ်ရင်၊ ရှာချင်စိတ်ရှိရင် ဘယ်နေရာမဆို ရပါတယ်။ တစ်ခုတော့ရှိတာပေါ့လေ။ ပညာရေးစနစ်တွေ၊ ကျောင်းတွေရဲ့ သင်ကြားမှုတွေအလိုက် ပညာရရှိမှုနဲ့ အရည်အသွေးကတော့ ကွာပါလိမ့်မယ်။ အကောင်းဆုံးကျောင်းမှာ သင်ယူရတာနဲ့ အခြားကျောင်းမှာသင်ယူရတဲ့ရလဒ်ကတော့ မတူနိုင်ဘူးပေါ့။ ဒါပေမဲ့ ဘယ်ကျောင်းမှလည်းမတက်၊ ပညာလည်းမရှာဆိုရင်တော့ ဘယ်လိုလုပ်ပညာတတ်မှာလဲ။ အတတ်နိုင်ဆုံးကြိုးစားပြီး ပညာကို ရအောင်ရှာမှ ပညာကိုတွေ့မှာပေါ့။ ပညာကတော့ ခြေထောက်ပေါက်ပြီး ကိုယ့်ဆီလာမှာမဟုတ်ဘူး။

ဝေးလံခေါင်းပါးတဲ့ဒေသက ကလေးငယ်တွေ၊ မငြိမ်းချမ်းတဲ့ဒေသက ကလေးတွေဆို ဘယ့်နှယ်လုပ်ကြမလဲ။ သူတို့လေးတွေ ကျောင်းမတက်ချင်ကြတာမဟုတ်ဘူး၊ ကျောင်းတက်ဖို့အခြေအနေနဲ့ အခွင့်အရေးမရကြတာ။ တချို့ဆို ကိုယ့်အတိုင်းအတာနဲ့ကိုယ် လက်လှမ်းမီရာ သင်ကြားကြရတယ်။ ဘုန်းကြီးကျောင်းရှိရင် ဘုန်းကြီးကျောင်းပညာရေးပေါ့။ လုံးဝပညာမသင်ခဲ့ရတဲ့သူတွေဆို အသက်ကြီးလာမှ ‘အ’ သုံးလုံးတောင်သင်ပြီး ပညာရှာခဲ့ကြရတာ မှတ်မိကြဦးမယ်။

အဲဒီတော့ ပညာရှာတယ်ဆိုရာမှာ ဒီလိုပဲ လက်လှမ်းမီရာကနေရှာမှ ပညာတွေရမှာပါ။ အချို့ဆို ကျောင်းတွေပိတ်ထားတော့ အွန်လိုင်းကနေတောင် သင်ယူနေကြရတာ။ အခုဆို ကျောင်းတွေ ပြန်ဖွင့်တော့မယ်။ ကျောင်းတွေဖွင့်လို့ ကျောင်းတက်ကြ၊ ပညာရှာကြတာပါ။ ပညာကို ကိုယ်သင်မှ ကိုယ်တိုင်က ပညာတတ်ဖြစ်မှာပါ။ ပညာကို နည်းနည်းရ နည်းနည်းသင်၊ များများရ များများ သင်ယူရမှာပေါ့။ ဘာပညာမှမသင်ရင်တော့ ဘယ်လို ပညာတတ်ဖြစ်တော့မလဲ။

## ခွဲခြားမြင်ဖို့လို

**ဒီနေရာမှာ တစ်ခုခွဲခြားမြင်ဖို့က ကျောင်းဖွင့်လို့ ကျောင်းတက်တာဟာ နိုင်ငံရေးနဲ့ မဆိုင်ပါဘူး။ ပညာရေးနဲ့ နိုင်ငံရေးကို ခွဲခြားမြင်ကြရမှာပါ။ ကိုယ်တိုင်က ပညာသင်ခြင်း/မသင်ခြင်းက ကိုယ့်ရဲ့ တစ်ဦးတည်းသဘောနဲ့သက်ဆိုင်လို့ ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်။ အခြားသူတွေ ကျောင်းတက်တာဟာ သူတို့ကိုယ်ပိုင်ဆန္ဒဖြစ်တဲ့အတွက် အခြားသူတွေရဲ့သဘောဆန္ဒကို လေးစားခြင်းဟာ ယဉ်ကျေးတဲ့ လူ့အသိုက်အဝန်းရဲ့ ကျင့်ဝတ်တစ်ခုဖြစ်ပါတယ်။ အပြန်အလှန်လေးစားခြင်းနဲ့ ကိုယ့်ဂုဏ်ကိုယ် မြှင့်ကြရပါတယ်။ ကျောင်းတက်တာ၊ ပညာရှာတာက သူတစ်ပါးကို ထိခိုက်စေ၊ နစ်နာစေတဲ့လုပ်ရပ် မဟုတ်ပါဘူး။ နောက်ပြီး ကျောင်းသား ကျောင်းသူတွေ ကျောင်းတက်ပြီး ပိုပြီးပညာတတ်လေ သူတို့ အနာဂတ်တွေ၊ နိုင်ငံရဲ့အနာဂတ်တွေကို ပိုပြီး မျှော်လင့်နိုင်မှာမဟုတ်လား။**

၈၈ အရေးအခင်းဖြစ်တော့ ကျောင်းတွေ သုံးနှစ်လောက်ပိတ်ခဲ့တာကို ကြုံဖူး၊ ကြားဖူးကြမှာပါ။ ကျောင်းပိတ်ထားတဲ့ သုံးနှစ်အတွင်းမှာ ဘဝတွေ အမျိုးမျိုးပြောင်းသွားတာကို တွေ့ခဲ့ရတယ်။ အဲဒီကာလက အခုခေတ်လို အွန်လိုင်းသင်ကြားတာတွေ မရှိသေးတော့ ကျောင်းဖွင့်တဲ့အထိ ထိုင်စောင့်ကြရတယ်။ အခုလည်း ကိုဗစ်-၁၉ ဖြစ်လို့ ကျောင်းတွေပိတ်တော့ မိဘတွေရော၊ ကျောင်းသားတွေအတွက်ရော နစ်နာလှပြီ။ ငုတ်တုတ်ထိုင်နေရင်း အသက်တွေကြီးလာကြတယ်။ ကျောင်းပြီးရမယ့်အချိန်မှာ ကျောင်းက မပြီးသေး၊ လုပ်ငန်းခွင်လည်း ဝင်မရနဲ့။ ကျောင်းတွေပိတ်ထားရတဲ့အတွက် ပထမဆုံးနစ်နာသွားတာက ကျောင်းသား ကျောင်းသူတွေပါ။ အဲဒီအကျိုးဆက်က သူ့ဘဝတစ်လျှောက်လုံးအထိ ထိခိုက်စေပါတယ်။ ရည်မှန်းချက်တွေ ပျောက်သွားကြ၊ ဘဝလမ်းကြောင်းတွေ လွဲသွားကြ၊ ထိခိုက်ကြနဲ့ ကြုံခဲ့ရပြီးပြီ။ ဒုတိယထိခိုက်တာ မိဘတွေပါပဲ။ သားသမီးတွေအပေါ်ထားတဲ့ မိဘတွေရဲ့စိတ်ကူးတွေ၊ အိပ်မက်တွေ လွဲခဲ့ရတယ်။ အချိန်တွေ၊ ငွေတွေ၊ လုပ်အားတွေ ဆုံးရှုံးခဲ့ရပါတယ်။

> အခုဖွင့်တဲ့ကျောင်းတွေရဲ့ ပညာရေးစနစ်တွေ၊ သင်ရိုးညွှန်းတမ်းတွေဆိုတာက အခုမှရေးဆွဲတာလည်းမဟုတ်။ စနစ်သစ်ပညာရေးကလည်း အခုမှပြောင်းလိုက်တာမဟုတ်။ ကျောင်းတက်ချိန်ကာလ အပြောင်းအလဲတွေ တော့ရှိတာပေါ့။ ကျောင်းသား ကျောင်းသူလေးတွေ ကျောင်းတွေမတက်ကြလို့ ဖြစ်လာနိုင်တဲ့ ရေတို၊ ရေရှည်အကျိုးဆက်တွေက အများကြီး။ တစ်ဦးချင်း တစ်ယောက်ချင်းကို ထိခိုက်ရုံတင်မကဘူး၊ ကောင်းမွန်တဲ့လူ့အသိုက်အဝန်း ဖြစ်ဖို့၊ ပညာတတ်မျိုးဆက်တွေ မွေးထုတ်ဖို့၊ နိုင်ငံတည်ဆောက်ဖို့ဆိုတာတွေ အထိ ထိခိုက်လာနိုင်တာကိုလည်း စဉ်းစားကြရမှာပါ။ ပညာရေးတည်ဆောက်ဖို့၊ ပညာတတ်လူသားရင်းမြစ်တွေ မွေးထုတ်ဖို့ဆိုတာ အခုရေတွင်းတူး အခုရေကြည်သောက်လို့မရနိုင်ပါဘူး။ အချိန်တွေ၊ ငွေတွေ၊ ပညာတွေ များစွာ ရင်းနှီးမြှုပ်နှံကြရတာပါ

တတိယနစ်နာတာကတော့ နိုင်ငံပါ။ အခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းဖို့ဆိုတာ စိတ်ကူးနဲ့မရဘူး။ ပါးစပ်ပြောနဲ့မရနိုင်ပါဘူး။ လက်တွေ့တည်ဆောက်ဖို့၊ ဖန်တီးဖို့လိုပါတယ်။ ရည်မှန်းချက်တွေကို အထောက်အကူဖြစ်တဲ့ လက်တွေ့လုပ်ဆောင်ချက်တွေဖြစ်မှ ရည်မှန်းသလို အကောင်အထည်ပေါ်လာမှာပါ။ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကအစ ကောင်းမွန်တဲ့လူမှုပတ်ဝန်းကျင်တစ်ခု ဖြစ်ဖို့ဆိုတာက ပညာကိုအခြေခံမှ တိုးတက်မှာပါ။ ဒီတော့ နိုင်ငံရေးနဲ့ ပညာရေးကို ခွဲခြားရှုမြင်ကြဖို့ လိုပါတယ်။ ပညာရေးဟာ နိုင်ငံရေးအတွက် အသုံးချတဲ့နည်းလမ်းတစ်ခုမဟုတ်ပါဘူး။

## ရင်ပေါင်တန်းနိုင်ဖို့

ဒီကနေ့ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံဖြစ်ဖို့ဆိုရင် ပညာရှင်တွေ၊ ပညာတတ်တွေ၊ နည်းပညာတွေ၊ ကျွမ်းကျင်လုပ်သားတွေနဲ့ပဲ တည်ဆောက်ရတာ မျက်မြင်ပါပဲ။ အာရှမှာဆို တိုးတက်ပါတယ်ဆိုတဲ့ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနိုင်ငံတွေကို ကြည့်ကြည့်ပါ။ ပညာအပေါ် အခြေခံတည်ဆောက်ထားကြတာ။ စင်ကာပူနိုင်ငံဆို အားကျအတုယူစရာကောင်းလှပါတယ်။ နိုင်ငံရဲ့အကျယ်အဝန်းက သေး၊ လူဦးရေက နည်း၊ သဘာဝသယံဇာတက မထွက်၊ ဒါပေမဲ့ ကမ္ဘာ့အဆင့်မီ တိုးတက်နေပါတယ်။ ကမ္ဘာ့အဆင့်မီပညာရေးစနစ်ရှိနေပါတယ်။ ပညာမသင်ဘဲနဲ့၊ ပညာမတတ်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုတည်ဆောက်ကြမလဲ၊ နိုင်ငံကို ဘယ်လိုတည်ဆောက်ကြမလဲ။ တိုးတက်တဲ့နိုင်ငံတွေ ဘယ်လိုရင်ပေါင်တန်းကြမလဲ။

ကိုလိုနီအုပ်ချုပ်မှုအောက်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဦးသန့်တို့ ပညာသင်ယူခဲ့ကြတာပဲ။ ကမ္ဘာ့သိပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ကြတယ်။ ကိုလိုနီခေတ်မှာ ကိုလိုနီနိုင်ငံဖြစ်တဲ့ အင်္ဂလန်ကိုတောင် ပညာတော်သင်သွားခဲ့ကြပြီး ထိတ်ထိတ်ကြဲပညာတတ်ကြီးတွေ ဖြစ်ခဲ့ကြတာ။ မြန်မာနိုင်ငံကို နယ်ချဲ့တဲ့နိုင်ငံက ပညာမို့လို့ မသင်ဘဲနေခဲ့ကြလို့လား။ အဲဒီပညာတွေကပဲ အမှား/အမှန် ခွဲခြားတတ်လာတယ်၊ စဉ်းစားတွေးခေါ်တာတွေ ရလာတယ်၊ ကျွမ်းကျင်မှုတွေ ရလာတယ်၊ ကမ္ဘာ့အမြင်တွေရလာတယ်၊ ကိုယ့်နိုင်ငံအကြောင်း ရှင်းရှင်းလင်းလင်းသိလာတယ်။ အဲဒီလိုမှ မသင်ခဲ့ကြရင် ပညာတတ်မျိုးဆက်တွေ ရှိပါဦးမလား။ ပညာတတ်မျိုးဆက်တွေ ပြတ်သွားရင် ဘယ်သူတွေနဲ့ အစားထိုးကြမလဲ။ မတွေးဝံ့စရာပါပဲ။

စာမျက်နှာ ၇ သို့ ❂

# လျှပ်စစ်ဓာတ်အား တရားမဝင်ရယူသုံးစွဲမှုများကြောင့် ဓာတ်အားလေလွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးနှင့် ဓာတ်အားခများ သတ်မှတ်ချိန်အတွင်း ကောက်ခံရရှိရေး အောက်ခြေအထိ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/ မောင်းနှင်/ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းအမှတ်စဉ် (၂)နှင့် အင်ဂျင်နီယာများစီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။



**လေ့ကျင့်သင်ကြားပေးသွားမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက သင်တန်းတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုလုပ်ငန်းများ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများဖြစ်သည့် Internet Of Things (IOT)၊ Artifical Intelligence (AI)၊ Digital Substation နည်းပညာများကို အသုံးပြု၍ ကုန်ကျစရိတ်သက်သာပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရမှုနည်းပါး၍ ထိရောက်သည့် စွမ်းဆောင်ရည်များရရှိနိုင်မည့် AIS၊ GIS၊ Mixed Technology Switchgear (MTS)၊ Unmanned ဓာတ်အားပေးစက်ရုံ၊ ပင်မဓာတ်အားခွဲရုံ ဒီဇိုင်းများ ရေးဆွဲရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်း၊ ထိန်းသိမ်းမောင်းနှင်ခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန် brainstorming techniques ဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝန်ထမ်းစီမံခန့်ခွဲရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်တတ်စေရန်နှင့် AMI စနစ်ကို Energy Meter၊ Server၊ Data Base နှင့် ဆက်သွယ်ရေးနည်းပညာပေါင်းစပ်ပြီး ခေတ်မီသည့် မီတာဖတ်ရှုမှုစနစ်၊ ဓာတ်အားကွပ်ကဲ/ ထိန်းသိမ်းမောင်းနှင်သည့်စနစ်တို့၏ လုပ်ဆောင်မှုတို့ကို သိရှိနားလည်စေရန် စီမံဖွင့်လှစ်ခဲ့သည့်အတွက် ထိုက်သင့်သည့်ပညာရပ်အခြေခံကောင်းများရရှိပြီး ဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ဆောင်ရွက်သွားကြမည်ဟု ယုံကြည်ကြောင်း။

အင်ဂျင်နီယာ စီမံခန့်ခွဲရေးသင်တန်းသားများသည် ပြည်သူတို့နှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်နေသူများဖြစ်သည့်အလျောက် ပြည်သူများ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေး လျှပ်စစ်ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရေး အသိပညာပေးစည်းရုံးမှုများ ပြုလုပ်ကြရမည်ဖြစ်သကဲ့သို့ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လျှပ်စစ်ဓာတ်အား တရားမဝင်ရယူသုံးစွဲမှုများကြောင့် ဓာတ်အားလေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားခများ သတ်မှတ်ချိန်အတွင်း ကောက်ခံရရှိရေး အောက်ခြေအထိ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ကျရာဒေသများကို တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးမှန်ကန်ကောင်းမွန်ရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများ စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုနှင့် လုပ်ငန်းစွမ်းဆောင်မှု အရည်အချင်း မှန်ကန်ကောင်းမွန်စေရန် လိုအပ်ကြောင်း၊ ပြည်သူကိုဝန်ဆောင်မှု ပိုမိုကောင်းမွန်အောင် ပေးနိုင်သည့် ဝန်ထမ်းများဖြစ်စေရန် တာဝန်ယူမှု၊ တာဝန်သိမှု အသိစိတ်ဖြင့် Mind Set များ ပြုပြင်ရန် လိုအပ်ကြောင်း၊ ဝန်ဆောင်မှု ပိုမိုကောင်းသည်ထက်ကောင်းအောင်ဆောင်ရွက်ပေးရန်၊ ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊ ပြည်သူများ လျှပ်စစ်အန္တရာယ် မဖြစ်အောင်ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းကျွမ်းကျင်သူများဖြစ်ရန် လေ့လာသင်ယူရန်၊ လုပ်ငန်းများအပေါ် အဂတိတရားကင်းရှင်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ရက်သတ္တ ခြောက်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) (ယာယီ) စာရင်းအရ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေ

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) (အောက်တိုဘာလမှ မတ်လအထိ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၇၉ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၉၅၅ သန်း ဆောင်ရွက်နိုင်ခဲ့၍ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆၂၃၄ သန်းဖြစ်ပြီး ပို့ကုန်က သွင်းကုန်ထက်ပိုမိုသဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၂၄ သန်း ရရှိခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လထိ) ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၉၈ သန်းကျော်နှင့် သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၆၄ သန်း ပိုမိုပြီး ကာလတူထက်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် Mini Budget ၌ **ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင်** လယ်ယာထွက် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲမျိုးစုံ ၊ ရေထွက် ငါး၊ ပုစွန်နှင့် အခြားရေထွက်များ ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်း (ချုပ်ပြီးအထည်) တို့ ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်း ပို့ကုန်တန်ဖိုးမှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ ကျော် ပိုမိုခဲ့ပါသည်။ နယ်စပ်ကုန်သွယ်မှုတွင် မြန်မာ-တရုတ်နယ်စပ်စခန်းများ ပြန်လည်ဖွင့်လှစ်ပြီး တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်မှု မျှတစေရေး ဆောင်ရွက်နေသည့်ကာလတွင် ပို့ကုန်လျော့နည်းခဲ့မှုအား ကာမိစေပြီး Mini Budget ကာလ ပင်လယ်ရေကြောင်းနှင့် နယ်စပ် စုစုပေါင်း ပို့ကုန်တင်ပို့မှုတွင် ကာလတူထက် ဒေါ်လာသန်း ၁၀၀ ခန့် ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

သွင်းကုန်တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ နိုင်ငံခြားငွေလိုအပ်ချက်ကို လျှော့ချနိုင်ရန် အရေးကြီးကုန်စည်မဟုတ်သည့် မော်တော်ယာဉ်ကဲ့သို့ ပစ္စည်းများအား တင်သွင်းမှု စိစစ်ကန့်သတ်ခြင်း၊ စားအုန်းဆီအား ပြည်တွင်းဈေးကွက်စားသုံးမှု လိုအပ်ချက်နှင့်အညီ စိစစ်တင်သွင်းမှုပြုခြင်းကြောင့် ယခင်နှစ်များထက် တန်ချိန်လျှော့ချတင်သွင်းနိုင်ခြင်း၊ ပြည်တွင်းထုတ်လုပ်နိုင်မည့် အစားထိုးကုန်စည်များအား ပြည်ပမှတင်သွင်းမှု စိစစ်လျှော့ချခြင်းတို့ဆောင်ရွက်ခဲ့ရာ မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီ ၊ စားအုန်းဆီတို့ တင်သွင်းမှုတွင် ကမ္ဘာ့ပေါက်ဈေးကြီးမြင့်လာ၍ တန်ဖိုးမြင့်တက်မှုရှိသော်လည်း စုစုပေါင်းသွင်းကုန်မှာ ကာလတူထက် အမေရိကန်ဒေါ်လာ ၁၆၄ သန်းသာ ပိုမိုမှုရှိပြီး မူလလျာထားချက်၏ ၁၀ ရာခိုင်နှုန်း လျှော့ချ ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် Mini Budget တွင် စီမံကိန်းဥပဒေပါ ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၈၂၀၀ သန်း၏ ၁၀၁ ရာခိုင်နှုန်း၊ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၈၈၀၀ သန်း၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏလျာထားချက် အမေရိကန်ဒေါ်လာ ၁၇၀၀၀ သန်း၏ ၉၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေအား သတင်းဖော်ပြအပ်ပါသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

**နောက်တစ်ခုက အခုဖွင့်တဲ့ကျောင်းတွေရဲ့ ပညာရေးစနစ်တွေ၊ သင်ရိုးညွှန်းတမ်းတွေဆိုတာက အခုမှ ရေးဆွဲတာလည်းမဟုတ်။ စနစ်သစ်ပညာရေးကလည်း အခုမှပြောင်းလိုက်တာမဟုတ်။ ကျောင်းတက်ချိန်ကာလ အပြောင်းအလဲတွေတော့ ရှိတာပေါ့။ ကျောင်းသား ကျောင်းသူလေးတွေ ကျောင်းတွေမတက်ကြလို့ ဖြစ်လာနိုင်တဲ့ ရေတို၊ ရေရှည်အကျိုးဆက်တွေက အများကြီး။ တစ်ဦးချင်း တစ်ယောက်ချင်းကို ထိခိုက်ရုံတင်မကဘူး၊ ကောင်းမွန်တဲ့လူ့အသိုက်အဝန်းဖြစ်ဖို့၊ ပညာတတ်မျိုးဆက်တွေ မွေးထုတ်ဖို့၊ နိုင်ငံတည်ဆောက်ဖို့ဆိုတာတွေအထိ ထိခိုက်လာနိုင်တာကိုလည်း စဉ်းစားကြရမှာပါ။ ပညာရေးတည်ဆောက်ဖို့၊ ပညာတတ်လူသားရင်းမြစ်တွေ မွေးထုတ်ဖို့ဆိုတာ အခုရေတွင်းတူး အခုရေကြည်သောက်လို့ မရနိုင်ပါဘူး။ အချိန်တွေ၊ ငွေတွေ၊ ပညာတွေ များစွာရင်းနှီးမြှုပ်နှံကြရတာပါ။**

### ပညာသင်ကြားဖို့အခွင့်အလမ်း

ကျောင်းတက်တာကို တစ်ဖက်ကကြည့်ရင် နိုင်ငံရေးလုပ်ဆောင်မှုတစ်ခုလို့ ဆိုလို့ရနိုင်တာပဲ။ အနာဂတ်ခေါင်းဆောင်ကောင်းတွေ မွေးထုတ်ဖို့ ပညာတွေသင်ပေးကြ၊ ပညာတွေသင်ယူနေကြတာ မဟုတ်လား။ ဒီတော့ သူတို့လေးတွေအတွက် ပညာရပ်ဝန်းတွေ၊ ပညာနယ်ပယ် ပိုပြီးကျယ်ပြန့်အောင် လုပ်မလား၊ ကျဉ်းသွားအောင်လုပ်မလား စဉ်းစားကြရမှာပေါ့။ ပါကစ္စတန်နိုင်ငံက မာလာလာဆိုရင် အမျိုးသမီးတွေ ပညာသင်ခွင့်အတွက် လှုပ်ရှားခဲ့တာ အားလုံးသိပြီးသားပါ။ သူဆို ပညာသင်ခွင့်ရဖို့ ဘယ်လောက်ခက်ခဲသလဲ၊ အသက်အန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဆိုလိုချင်တာက ပညာသင်ယူခွင့်ဆိုတဲ့အခွင့်အရေးဟာ လူတစ်ယောက်အတွက် ဘယ်လောက်အရေးပါတယ်ဆိုတာပါပဲ။

### အနာဂတ်လိုအပ်ချက်ကွက်လပ်၏အဖြေ

အခုဆို ကိုဗစ်-၁၉ ကြောင့် ပိတ်ထားရတဲ့ ကျောင်းတွေ ပြန်ဖွင့်တော့မယ်ဆိုတော့ ကျောင်းသား ကျောင်းသူလေးတွေအတွက် ပီတိဖြစ်ရပါတယ်။ ဘေးမသီရန်မခ ကျောင်းတက်စေချင်ပါတယ်။ ကြိုးစားကြစေချင်ပါတယ်။ အခုလို ကျောင်းသား ကျောင်းသူတွေ ကျောင်းတက်ဖို့၊ ပညာသင်ဖို့နဲ့ ပညာရှင်၊ ပညာတတ်ကြီးတွေဖြစ်အောင် ကြိုးစားကြဖို့ စေတနာနဲ့တိုက်တွန်းတာဟာ နိုင်ငံရေးမဟုတ်ပါဘူး။ ပညာရေးကို ပညာရေးအမြင်နဲ့ကြည့်ပြီး နိုင်ငံရေးကို နိုင်ငံရေးအမြင်နဲ့ ကြည့်လို့ပါ။ သလဲသီးများလိုပဲ သူ့အကန့်နဲ့သူ ဖြစ်သင့်ပါတယ်။

**နောက်ပြီး ဘယ်အစိုးရတက်တက် ပညာရေးက မရှိမဖြစ်လိုအပ်တဲ့ ကဏ္ဍတစ်ခုဖြစ်လို့ပါ။ ပညာရေးနိမ့်ကျနေရင်လည်း တဖြည်းဖြည်းပြုပြင်ကြရမှာပေါ့။ ပညာရေးပြုပြင်မယ်ဆိုရင် ပညာရှင်တွေ၊ ပညာတတ်တွေ လိုအပ်လာဦးမယ်။ နိုင်ငံရဲ့ အခြားတည်ဆောက်ရေးတွေမှာလည်း ပညာရှင်တွေ၊ ပညာတတ်တွေ၊ ကျွမ်းကျင်သူတွေ လိုအပ်လာဦးမယ်။ အဲဒီလို နိုင်ငံအနာဂတ်လိုအပ်ချက်ကို ဘာနဲ့အစားထိုးကြမလဲ။ အဲဒီကွက်လပ်ရဲ့အဖြေဟာ ဒီကနေ့ ကျောင်းသား ကျောင်းသူတွေပဲလို့သာ ဆိုချင်ပါတယ်။** ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**နေရာချထားပေး**

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မီဒီယာများကို တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အလေးထားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်စဉ်ကတည်းက တပ်မတော်နှင့်မီဒီယာများအကြား ဆက်သွယ်ဆက်ဆံမှုကိုဆောင်ရွက်စေခဲ့မှု၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ကို ဖွဲ့စည်းပြီး သတင်းမီဒီယာကောင်စီနှင့် ဆက်သွယ်ဆက်စပ်မှု ပြုလုပ်ခဲ့မှု၊ တပ်မတော်နှင့် သတင်းမီဒီယာများအကြား သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် မီဒီယာများကိုပါ ဖိတ်ခေါ်၍ ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် တပ်မတော်က နိုင်ငံတော်တာဝန်ကိုယူပြီးနောက် မီဒီယာများကို ဖိတ်ကြား၍ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့မှုတို့ကို ပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် မီဒီယာများအပါအဝင် မီဒီယာများအားလုံးကို ရည်ညွှန်း၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုတွေရှိခဲ့သည့်အတွက် ဥပဒေ၊ စည်းကမ်းများနှင့်အညီဖြေရှင်းပေးရန် ကြေညာချက်ခြောက်ခု ထုတ်ပြန်ခဲ့ပြီး ပြည်တွင်း ပြည်ပမီဒီယာများရှေ့၌ သက်သေအထောက်အထား စုံစုံလင်လင်ဖြင့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည့်အပြင် ပြန်လည်ဖွဲ့စည်းခဲ့သည့် UEC အသစ်ကလည်း တွေ့ရှိချက်များကို သံတမန်များနှင့် မီဒီယာများကို ထုတ်ပြန်ပေးခဲ့ကြောင်း၊ ထိုသို့ မဲမသမာမှုကို ဖြေရှင်းပေးရန် တပ်မတော်နှင့် နိုင်ငံရေးပါတီအချို့၏ တောင်းဆိုချက်များကို ဘာကြောင့် မဖြေရှင်း၊ သက်သေမပြပေးသနည်း ဟူသည့် မေးခွန်း။

NUG အမည်ခံ အကြမ်းဖက်အဖွဲ့ လုပ်ဆောင်နေသည့် ငွေတိုက်စာချုပ်၊ ဘွန်း၊ Ticket ၊ ပရောဂျက်များနှင့် ရောင်းချအလှူခံနေသည့် သတင်းများကို မီဒီယာအချို့တွင် တွေ့ရှိနေရပြီး အဆိုပါရရှိသည်ဆိုသည့် ငွေများနှင့် ထောက်ပံ့သည်ဆိုသည့်ငွေများကို မည်သည့်နေရာများတွင် အသုံးချနေသနည်းဟူသည့် မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူသတ်မှုပေါင်းများစွာကို ကျူးလွန်နေသည့် ဗိုလ်သံမဏိဆိုသူ အကြမ်းဖက် ဦးဆောင်နေသည့်အဖွဲ့သည် ၎င်းတို့ကိုယ်တိုင်ထုတ်ဖော်ပြောဆိုသည့် လူ ၁၀ ဦးအား သတ်ဖြတ်ခဲ့သည်ကို NUG အမည်ခံ အကြမ်းဖက်အဖွဲ့က အရေးယူမည်၊ စုံစမ်းစစ်ဆေးမည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ မည်သို့အရေးယူထားသနည်းဟူသည့် မေးခွန်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ မီးရှို့ဖျက်ဆီးခဲ့သည့် ပုလဲမြို့နယ်အတွင်းရှိ အင်းမထီးကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာဖြစ်စဉ်များတွင် ရွာသူ၊ ရွာသားများကိုယ်တိုင်ရင်နင့်ဖွယ်ရင်ဖွင့်ပြောဆိုထားသော်လည်း ၎င်းတို့အတွက် ရပ်တည်၍ မည်သည့်မီဒီယာများက မေးမြန်းဖော်ပြပေးခဲ့ပါသနည်း ဟူသည့် မေးခွန်း။

စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင်မြို့ မြင်းကွဲရပ်ကွက်နေ ကိုရင်ငယ်သုံးပါး မိုင်းထိသည့်ဖြစ်စဉ်အပါအဝင် ဗုဒ္ဓဘာသာ ရဟန်း၊ သံဃာများ၊ အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား အကြောင်းအမျိုးမျိုးပြ စွပ်စွဲသတ်ဖြတ်မှုများသည် NUG ၏ မူဝါဒဖြစ်ပါသလားဟူသည့်မေးခွန်း၊ အကြမ်းဖက် NUG ၏ စီစဉ်မှုဖြင့် ကျောင်းများဖွင့်သည်ဟုဆိုပြီး သင်ရိုးညွှန်းတမ်းများကို ဖော်ပြရာတွင် နိုင်ငံတော်အစိုးရက ထုတ်ဝေထားသည့် သင်ရိုးညွှန်းတမ်းစာအုပ်များပင်ဖြစ်ရာ NUG ဆိုသောအဖွဲ့အနေဖြင့် ၎င်းတို့သင်ကြားခြင်းမဟုတ်ပါက စာမသင်ရမူဝါဒရှိ/မရှိ ဟူသည့် မေးခွန်းနှင့် NUG ၏ ဒီမိုကရေစီဆိုသည်မှာ ၎င်းတို့ကို ထောက်ခံမှ ဒီမိုကရေစီအစစ်ဟုယူဆထားသလား ဟူသည့်မေးခွန်းတို့ကို သတင်းမီဒီယာများအနေဖြင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့ကို မေးမြန်းဖူးခြင်း ရှိ၊ မရှိ ပြန်လည်မေးမြန်းခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက (မြန်မာသက္ကရာဇ် ၁၃၈၃-၈၄ ခုနှစ်) ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်နှင့်ပတ်သက်၍ သင်္ကြန်ကာလမတိုင်မီနှင့် သင်္ကြန်ကာလအတွင်း ပြည်တွင်း ပြည်ပ ပြည်ဖျက်သတင်းမီဒီယာအချို့က မဟာသင်္ကြန်ပွဲတော်ကိုဖျက်လိုဖျက်ဆီးမှုဖြစ်အောင် လှုံ့ဆော်မှုသတင်းများရေးသားခဲ့သော်လည်း နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စည်ကားစွာ ဆင်နွှဲနိုင်ခဲ့မှု။

**ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့် ပတ်သက်၍**

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြားခဲ့သည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းကောက်နုတ်ချက်များ၊ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အနက် အဖွဲ့ကိုးဖွဲ့နှင့်လည်းကောင်း၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့အနက် ရှစ်ဖွဲ့နှင့်လည်းကောင်း အဆက်အသွယ်များ ဆက်သွယ်နိုင်ခဲ့သည့်အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နိုင်ငံအတွက် အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ အာမခံထားပြီးဖြစ်ရာ အထွေထွေရွေးကောက်ပွဲ (General Election) ဆိုသည့် စကားရပ်နှင့်အညီ တစ်နိုင်ငံလုံး အကြားအလပ်မရှိကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိမှုများ။

ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့အကြီးအကဲ H.E. Dr. KUNG Phoak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့မှုများနှင့် သဘောတူညီချက်ရရှိခဲ့မှု။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကိုစတင်ယူချိန်မှစ၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံရေးလုပ်စားသူတို့က စစ်ကျွန်ပညာရေးခေါင်းစဉ်ပြ၍ ဝါဒမှိုင်းတိုက်ခဲ့သော်လည်း အစိုးရအနေဖြင့် ကျောင်းသား၊ မိဘ၊ ဆရာများအပေါ် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်မှုများအကြားမှ ပြည်သူပါဝင်သည့် လုံခြုံရေးအာမခံချက်များကိုရယူ၍ ကျောင်းများဖွင့်လှစ်ရေး ဆောင်ရွက်ခဲ့မှု။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အရေးအကြီးဆုံးအချက်မှာ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ရေတိုစီမံချက်အနေဖြင့် Sinopharm China National Biotech Group မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို Ready to Fill Bulk အနေဖြင့် ဝယ်ယူပြီး ပုလင်းသွင်းဖြည့်တင်းခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကာ Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပြည်တွင်းတွင် အောင်မြင်စွာဆောင်ရွက်နိုင်မှု။

ပြည်တွင်းစက်သုံးဆီဖူလုံရေးနှင့် စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်နေမှု၊ စက်သုံးဆီနှင့်ပတ်သက်၍ ပြည်သူများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေးအာမခံချက်ရှိစေရန် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု။

လူငယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တ၊ နိုင်ငံနှင့် လူမျိုးအပေါ် ချစ်စိတ်နှင့် အားကစားတွင် စိတ်ပါဝင်စားမှုတို့ မြင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်နေမှု၊ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင်ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် ရှန်တုံမြို့တွင်ကျင်းပမည့် (၃)ကြိမ်မြောက် အသက် ၁၈ နှစ်အောက် အာရှလူငယ်အားကစားပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်သွားမည့်အခြေအနေ။

ပြည်သူများပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူ့လုံခြုံရေးစနစ်သည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံခြုံရေးအထောက်အကူပြု အဖွဲ့အစည်းများသာမက ပြည်သူများကိုယ်တိုင်ပါဝင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါစနစ် အကောင်အထည်ပေါ်လာသည်နှင့်အမျှ လက်ရှိအကြမ်းဖက်ဖြစ်စဉ်များကို လျင်မြန်စွာချုပ်ငြိမ်းနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ Power Point Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံရေးပါတီများအား စစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

**မေးမြန်းမှုများ**

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များ၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်မှတ်တမ်းများ၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့အကြီးအကဲ H.E. Dr. KUNG Phoak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှု မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁) တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃)လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရမည်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့် ၂၀၁၆ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၁၂) ခု၊ ၂၀၁၇ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၇၂) ခု၊ ၂၀၁၈ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၉၃) ခု၊ စုစုပေါင်း ကုမ္ပဏီ (၁၇၇) ခုအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်း၍ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသောကာလအတွင်း ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အား ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
(၂၇-၄-၂၀၂၂)

## နိုင်ငံတော်အတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက် ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်သွားမည်

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် (၁၀-၁၁-၂၀၂၁) ရက်စွဲပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁) တို့အရ “နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပို့ကုန်အမှန်တကယ် တင်ပို့ခဲ့သည့်ပို့ကုန်တင်ပို့သည့်အထောက်အထားများအရ ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ (၃)လအတွင်း ပို့ကုန်တင်ပို့သူများက ပို့ကုန်ရငွေများ လက်ခံရရှိခြင်း ရှိ/မရှိကို စိစစ်ရမည်”ဟု ပြဋ္ဌာန်းသတ်မှတ်ထားပြီး အဆိုပါဥပဒေနှင့် စည်းမျဉ်းအရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃)လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရန် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

သို့သော် ပို့ကုန်တင်ပို့သူများအနေဖြင့် အထက်အပိုဒ်ပါ ဥပဒေ၊ စည်းမျဉ်းနှင့် စည်းမျဉ်းပြင်ဆင်ချက်တို့အား လိုက်နာရန် ပျက်ကွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းတို့တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း ပို့ကုန်ရငွေများအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃)လအတွင်း နိုင်ငံတော်အတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက် ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
(၂၇-၄-၂၀၂၂)

## မြန်မာ့ရှေ့ဆောင်ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၊ ဘဏ်တွင် ငွေစုဆောင်းထားရှိသူများအနေဖြင့် စိုးရိမ်ပူပန်ရန်မလိုကြောင်း သတင်းထုတ်ပြန်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးနှင့် ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေး စသည့် ရည်ရွယ်ချက်များ တိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသဖြင့် ယင်းဘဏ်က အထက်ပါပုဂ္ဂိုလ်များ တာဝန်ထမ်းဆောင်မှုကို ရပ်ဆိုင်းပြီးဖြစ်ကြောင်း တင်ပြလာပြီး မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့အား ပြောင်းလဲခန့်အပ်ခွင့်တင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းခန့်အပ်မှုကို ၂၇-၄-၂၀၂၂ ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်အား ကြီးကြပ်စစ်ဆေးလျက်ရှိရာ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ငွေရေးကြေးရေးအခြေအနေများသည် တည်ငြိမ်ခိုင်မာမှုရှိကြောင်း၊ ယင်းဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ငွေကြေးလွယ်ကူမှုအခြေအနေ၊ အပ်ငွေအသွင်း၊ အထုတ်အခြေအနေများအား အနီးကပ်စောင့်ကြည့်လျက်ရှိပြီး လိုအပ်ပါက ငွေကြေးပံ့ပိုးပေးရန် (Liquidity Support) များ ပေးအပ်လျက်ရှိပါသဖြင့် ငွေအပ်နှံသူများ (Depositors) အနေဖြင့် စိုးရိမ်ပူပန်စရာမရှိဘဲ စိတ်ချယုံကြည်စွာ ဘဏ်ဝန်ဆောင်မှုများကို ပုံမှန်ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သို့ဖြစ်ပါ၍ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၊ ဘဏ်တွင်ငွေစုဆောင်းထားရှိသူများအနေဖြင့် စိုးရိမ်ပူပန်ရန်မလိုကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
(၂၇-၄-၂၀၂၂)

# (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ





**နေပြည်တော် မေ ၂၇**

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ် (၇၀၁) မှ (၁၄၀၀) အထိ အတွဲပေါင်း ၇၀၀ အား ပြည်တွင်း ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၅၇ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ထို့နောက် ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၁၄၀၁) မှ (၂၀၀၀) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယင်းနောက် ကျောက်စိမ်းအတွဲအမှတ် (၁၄၀၁) မှ (၂၀၀၀) အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ မေ ၂၈ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်ရက်ပြပွဲများတွင် ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၀ ကို မေ ၂၃ ရက်မှ ၂၄ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၃၀ ကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို မေ ၂၅ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၅၄ တွဲကို လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၂၀၀၀ အနက် ကျောက်စိမ်းအတွဲ (၁) မှ (၇၀၀) အထိ အတွဲပေါင်း ၇၀၀ ကို မေ ၂၆ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၅၂၃ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ ပြပွဲများကျင်းပကာ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာ ရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များအဆင်ပြေခြင်း စသည့် အခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ယခုကျင်းပသည့် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မေ ၂၂ ရက်မှ ၂၈ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရစေမည်ဖြစ်ပြီး တစ်ဖက်တစ်လမ်းမှ မြေယာမဲ့ နိုင်ငံသားများ၊ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိစေမည်

**စစ်ကိုင်း ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂)နှင့် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အထောက်အကူရစေမှာဖြစ်**

ရှေးဦးစွာ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးသည် မြေဧရိယာကျယ်ဝန်းသည့်အတွက် စိုက်ပျိုးနိုင်သည့် မြေလွတ်၊ မြေရိုင်းများ လွန်စွာပေါကြွယ်ဝပါကြောင်း၊ မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရစေမည်ဖြစ်ပြီး တစ်ဖက်တစ်လမ်းမှ မြေယာမဲ့ နိုင်ငံသားများ၊ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး မြေလွတ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေရိုင်းများကို အသုံးပြုပြီး စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တု ထုတ်လုပ်ခြင်း အစိုးရကခွင့်ပြုထားသည့် ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်စေရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကော်မတီအဖွဲ့များက ဝိုင်းဝန်းပူးပေါင်း၍ နိုင်ငံ့အကျိုးကို ရှေးရှုဆောင်ရွက်၍ အဂတိကင်းရှင်းစွာဖြင့် အမျှတဆုံးဖြစ်အောင် ပွင့်ပွင့်လင်းလင်းဆုံးဖြတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းလွင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းများနှင့်ပတ်သက်၍ ရှင်းတင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဗဟန်းလူထုအခြေပြုဗဟိုဌာန၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန် အနောက်ပိုင်းခရိုင် (ဗဟန်း) လူထုအခြေပြုဗဟိုဌာန၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ဗဟုသုတများ သိရှိနားလည်ပြီး ဉာဏ်ရည်ထက်မြက်သည့် ဘက်စုံထူးချွန်သော လူရည်မွန်၊ လူရည်ချွန်များဖြစ်လာစေရန်၊ တစ်ချိန်တွင် နိုင်ငံတော်က အားထားရမည့် လူချွန်၊ လူကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ ကျင်းပရာ ဗဟန်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြသည်။



ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဌေးက စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့်ပတ်သက်သည့် သိကောင်းစရာ အသိပညာပေးများကို ပြောကြားသည်။

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## မအူပင်ခရိုင်အခြေစိုက် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) သင်တန်းဆင်းပွဲ ကျင်းပ

**မအူပင် ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မအူပင်ခရိုင် အခြေစိုက်ပြည်သူ့ကျန်းမာရေး ကြီးကြပ် (၂) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် မွန်းလွဲ ၃ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းကို ခြောက်လ ဖွင့်လှစ်ခဲ့ပြီး ဧရာဝတီတိုင်းအတွင်း ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုမြှင့်တင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

## ဒိုက်ဦး၌ ထောက်ပံ့ပေးအပ်သော ဓာတ်မြေသြဇာအိတ်များ လွှဲပြောင်းပေးအပ်

**ဒိုက်ဦး ဧပြီ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သော ဓာတ်မြေသြဇာအိတ်များကို တစ်နှစ်သုံးသီးစိုက်ပျိုးသော ဒိုးတန်းကျေးရွာမှ တောင်သူ ဦးမောင်စိုးထံသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အမှတ်(၃) စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ ယနေ့ နံနက် ၁၁ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သော ဓာတ်မြေသြဇာအိတ် ၂၀ ကို တောင်သူ ဦးမောင်စိုးထံသို့ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်း၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသီဟကျော်စွာ၊ ဒိုက်ဦးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဇော်ဇော်ဦး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမျိုးမြင့်၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဌေးကျော်နှင့် ဖိတ်ကြားထားသော တောင်သူကြီးများ တက်ရောက်ကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ဟိုပုံးမြို့၌ မြို့ရွာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**ဟိုပုံး ဧပြီ ၂၇**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ဧပြီ ၂၇ ရက် နံနက် ၉ နာရီက သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားပန်းခြံနှင့် သီရိမင်္ဂလာလမ်းတို့တွင် မြို့ရွာသန့်ရှင်းသာယာ လှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရား ပရိဝုဏ်အတွင်း ဘုရားစေတီပုထိုးများနှင့် ကြွေကြမ်းခင်းများ၊ သီရိမင်္ဂလာ ကတ္တရာလမ်းများ ရေဖြင့်သန့်ရှင်းဆေးကြောနေမှုနှင့် ရေနုတ်မြောင်းများ အမှိုက်သရိုက်သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စည်ပင်ရုံး၊ မိုးကုတ်ရိပ်သာဘုန်းကြီးကျောင်းနှင့် ဟိုပုံးမြို့ တောင်ရပ်ကွက်နေ ဦးကျော်သောင်းအိမ်ရှိ ရေကန်တို့တွင် သွေးလွန်တုပ်ကွေး မဖြစ်ပွားစေရန် ရေကန်အတွင်း ပိုးလောက်လမ်းများ သေစေရန် အဘိတ်ဆေး သုံးလ အာနိသင်ရှိဆေးများ ခတ်ထည့်ပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






# နေပြည်တော်ကောင်စီနယ်မြေအတွင်း စံပြကျေးရွာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧပြီ ၂၅ ရက် မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာနှင့် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာများသို့ သွားရောက်၍ စံပြကျေးရွာများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာသို့ ရောက်ရှိ၍ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ၊ စံပြကျေးရွာလေ့လာသူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့ကို အလေးထားဆောင်ရွက်နေသည်နှင့်အညီ ယခုနေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးရွာသုံးရွာအား ရှေ့ပြေးစီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာစီရွေးချယ်၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားများကလည်း မိမိတို့ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်၍ အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းလိုအပ်ချက်များရှိပါကလည်း တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငွေးပင်(စံပြ) ကျေးရွာ၏ စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ဆက်လက်ဖော်ထုတ်မည့် စနစ်တကျ လယ်ယာမြေအတွက် ကုန်ထုတ်လမ်းဖောက်လုပ်မည့် အခြေအနေကိုလည်းကောင်း၊ တစ်နိုင်တစ်ပိုင် ခေါင်းလျှော်ရည်၊ ဆပ်ပြာရည်ထုတ်လုပ်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ကျွန်းဦး (စံပြ) ကျေးရွာသို့ရောက်ရှိပြီး စံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်းများအနက် ကျေးရွာရေရရှိရေးအတွက် ရေသန့်စင်စက်ရုံနှင့် အိမ်တိုင်ရာရောက် ရေပေးဝေမှုစနစ်၊ ရေမီတာ ကောက်ခံမှုစနစ်တို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦး၏ ရေပေါ်ပဲလှော်စက်ရုံမှ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သော်မှော်ကုန်း (စံပြ)ကျေးရွာသို့ ရောက်ရှိ၍ စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသာ လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မိသားစုတစ်နိုင်တစ်ပိုင် ဆပ်ပြာရည်၊ ခေါင်းလျှော်ရည် ထုတ်လုပ်မှုလုပ်ငန်းကိုလည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဝက်မွေးမြူရေးခြံနှင့် ကြက်မွေးမြူရေးခြံတို့ကို ကြည့်ရှုလေ့လာကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်အတွင်း အဆိုပါကျေးရွာသုံးခု၏ စီမံကိန်းလုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျန်ရှိနေသည့် စီမံကိန်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Mini Lab သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၂၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဌာနခွဲမှ ဖွင့်လှစ်သည့် Mini Lab သင်တန်းဖွင့်ပွဲကို တက်ရောက်သည်။

**တည်ဆောက်နိုင်မည်**

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ယခု Minin Lab သင်တန်းသို့ သင်တန်းတက်ရောက်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သင်တန်းသား သင်တန်းသူများအနေဖြင့် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေးပြည့်မီမှု ရှိ မရှိ၊ Concrete Strength များ ပြည့်မီမှု ရှိ မရှိ တို့ကို ခွဲခြားစိစစ်နိုင်ခြင်းသည် အရေးကြီးလုပ်ငန်းဖြစ်ကြောင်း၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ရန်ပုံငွေလျာထား၍ ပြည်နယ်နှင့် တိုင်းဒေသကြီး များတွင်လည်း Mini Lab များ ဖြန့်ခွဲထားရှိနိုင်ရေးစီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(နေပြည်တော်)ကို ယခုစတင်ဖွင့်လှစ်ချိန်တွင် မြေနမူနာများ စမ်းသပ်ရန် Soil Lab တွင် မြေစမ်းစက်ရုစ်လုံး ဝယ်ယူထားရှိပြီးဖြစ်ကြောင်း၊ တည်ဆောက်ပြီး တံတားများ၏ အရည်အသွေးကို Non Destructive Test စစ်ဆေးခြင်း၊ Bore Pile များ၏ အရည်အသွေးဆိုင်ရာ SIT-Test စစ်ဆေးခြင်း၊ ကွန်ကရစ်အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း စသည့် လုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံတော်မှ ဘဏ္ဍာနှစ်အလိုက် ဝယ်ယူခွင့်ပြု ပြီးဖြစ်သဖြင့် သင်တန်းသားများ အနေဖြင့် စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန် လိုကြောင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၏ အကျိုးကျေးဇူးအနေဖြင့် လုပ်ငန်းများတွင် အရည်အသွေးပြည့်မီသော လုပ်ငန်းသုံးပစ္စည်းများ အသုံးပြုနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာပြီး ခိုင်ခံ့သော လမ်း၊ တံတား ဒီဇိုင်းများ ရေးဆွဲနိုင်ခြင်းနှင့် ဒေသထွက် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်း အမျိုးမျိုးဖြင့် Mix Design တွက်ချက်၍ ခံနိုင်ဝန်ပြည့်မီသော လမ်း၊ တံတားများ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (နေပြည်တော်)သို့ ရောက်ရှိပြီး နိုင်ငံတော်၏ ပကတိလိုအပ်ချက်နှင့် ကိုက်ညီပြီး ကုန်ကျစရိတ်သက်သာ၍ အရည်အသွေးမြင့်မားသော လမ်း၊ တံတားများကို ကျေးလက်ဒေသအတွက် တည်ဆောက်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်ရန်လိုကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ နည်းပညာများကို စဉ်ဆက်မပြတ် သုတေသနပြု ဖော်ထုတ်၍ သုတေသနရလဒ်များကို တည်ဆောက်ရေး လုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး ဓာတ်ခွဲစမ်းသပ်ခန်းများအလိုက် သင်ကြားပြသနေမှုများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ စမ်းသပ်အသုံးပြုပုံများကို လိုက်လံကြည့်ရှုသည်။

**သတင်းစဉ်**



# ညောင်လေးပင်မြို့နယ်၌ သစ်စိမ်းမြေသြဇာ မျိုးစေ့ကြဲပက်ပွဲနှင့် မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

**ညောင်လေးပင် ဧပြီ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ကြဲပက် စိုက်ပျိုးပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရေဆုံးကျေးရွာအုပ်စု မအူတန်းကျေးရွာတွင် ကျင်းပသည်။

သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က တောင်သူများသို့ ကိုင်းမြေ ၁၀ ဧကတွင် ကြဲပက်စိုက်ပျိုးရန် ပေးအပ်သည်။

ညောင်လေးပင်မြို့နယ်၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ဧက ၄၀၀ စိုက်ပျိုးကြဲပက်ရန် လျာထားပြီး ယခုလက်ရှိအချိန်တွင် ၁၀ ဧကကို စံပြအဖြစ် ကြဲပက်စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းသူနိုင်(ပြန်/ဆက်)**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဧပြီ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရှိ မဟာသမယကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ မင်္ဂလာသီရိကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျိုက်ထီးရိုးလေးကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မောဒိနီကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# “ရွှေညာသူ ရွှေညာသား” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဧပြီ ၂၇

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ရွှေညာသူ ရွှေညာသား” တေးဂီတဖျော်ဖြေပွဲကို ဧပြီ ၂၉ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းအစီအစဉ်ကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် စိုးအောင်၊ ရဲထိုက်၊ ဇော်ထွေးလတ်၊ ဟိန်းဇော်လင်း၊ မင်းသားလေး၊ ရဲရင့်ဝေလွင်၊ အိအိချွန်၊ နန်းစန္ဒီ၊ ခင်လပြည့်ဝန်း၊ သီရိစံနှင့် သွယ်သွယ်သိမ့်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မေ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# “မိဘကျေးဇူးအကျိုးထူး” ဆို၊ ငို၊ ပြော ရုပ်စုံသဘင်ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်မှု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဧပြီ ၂၇

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “မိဘကျေးဇူး အကျိုးထူး” ဆို၊ ငို၊ ပြော ရုပ်စုံသဘင်ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်မှုကို ဧပြီ ၃၀ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းတင်ဆက်မှုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ပြီး ဇာတ်ညွှန်းနှင့်ဒါရိုက်တာ တောင်စွန်းအောင်တိုး ကထိက (ငြိမ်း) သဘင်ပညာဌာနက ရေးသားကာ ဇာတ်ပို့ဆိုင်းပန်တျာ စိန်လှမြိုင်အဖွဲ့နှင့် ဂီတပညာဌာန ဆရာများ၏ တီးခတ်မှုနှင့်အတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာနမှ အနုပညာရှင်များက တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ရေတာရှည်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းနှင့် မျိုးစေ့ကြဲပက်ပွဲ ကျင်းပ

ရေတာရှည် ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းနှင့် မျိုးစေ့ကြဲပက်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် သပြေတန်းကျေးရွာစံပြစိုက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးက တောင်သူများအနေဖြင့် နှစ်စဉ် မိုးစပါး၊ နွေစပါး၊ စိုက်ပျိုးသည့်အခါ စပါးစိုက်မြေတွင် မြေဆီလွှာမြေဆွေးဓာတ်များ လျော့နည်းလာပြီး မြေဆီလွှာအရည်အသွေး ကျဆင်းလာသည့်အတွက် မြေဆီလွှာအတွင်း လိုအပ်သောအာဟာရဓာတ်များကို လုံလောက်စွာ ပြန်လည်ဖြည့်သွင်းပေးရန် လိုအပ်ကြောင်း၊ ဓာတ်မြေဩဇာအပြင် သဘာဝမြေဩဇာဖြစ်သည့် သစ်စိမ်းမြေဩဇာကိုလည်း ထည့်သွင်းအသုံးပြုရန် လိုအပ်ကြောင်း၊ ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာသည် နိုက်ထရိုဂျင်ကြွယ်ဝစေပြီး မြေသားတည်ဆောက်မှု ကောင်းမွန်စေခြင်းတို့ကြောင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေရှည်အသုံးပြုဆောင်ရွက်သင့်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များအား အခမ်းအနားတက်ရောက်လာသော တောင်သူများအား အခမဲ့ထောက်ပံ့ပေးအပ်ပြီး သပြေတန်းကျေးရွာစံပြစိုက်ကွင်းအတွင်း သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များအား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာသန်း၊ စိုက်ပျိုးရေးဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေး၊ မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက ကြဲပက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




နေပြည်တော် ဧပြီ ၂၇

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၆၃)ကို ဧပြီ ၂၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဧပြီ ၂၉၊ ၃၀နှင့် မေ ၁ ရက်တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကျင်းပ

ညောင်လေးပင် ဧပြီ ၂၇

ညောင်လေးပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့တွင် ညောင်လေးပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌရုံးခန်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆန်းရီက ညောင်လေးပင်မြို့နယ်၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ဒေသန္တတရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က စီမံကိန်းရည်မှန်းချက်များတွင် ပါဝင်သော သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား စီမံကိန်းတာဝန်များ ပေးအပ်သည်။



ယနေ့တာဝန်ပေးအပ်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ စုစုပေါင်း ဌာန ခြောက်ခု၊ လုပ်ငန်းပေါင်း ၅၃ ခုအား တိုင်းဒေသကြီးဘတ်ဂျက်ငွေကျပ် ၂၇၉၁ ဒသမ ၂၄၄ သန်းဖြင့် စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ နေလင်း(ညောင်လေးပင်)

# အမေရိကန် ပြည်သူ ၆၀ ရာခိုင်နှုန်းနီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရ

**ဝါရှင်တန် မေ ၂၇**

အမေရိကန်နိုင်ငံ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း အမေရိကန် ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောကြားသည်။

အမေရိကန်ပြည်သူ ၄၆၀၀၀ ၏ သွေးနမူနာများကို စစ်ဆေးခဲ့ပြီးနောက် အဆိုပါအစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သုတေသီများက ဖေဖော်ဝါရီလအတွင်း ယင်းသွေးနမူနာများကို စုဆောင်းခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ပဋိပစ္စည်းများကို ရှာဖွေခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးနမူနာစစ်ဆေးချက်ရလဒ်များအရ အမေရိကန်လူဦးရေ၏ ၅၇ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း လေ့လာသိရှိရသည်။

**ရောဂါခုခံနိုင်သည့်စွမ်းအား**

အသက်ငယ်ရွယ်သူများ၏ သွေးနမူနာများတွင် ပဋိပစ္စည်းတွေ့ရှိမှုပမာဏများပြားခဲ့ပြီး အသက် ၁၂ နှစ်အောက် အရွယ် ပြည်သူများ၏ သွေးနမူနာများတွင် ရောဂါခုခံနိုင်သည့်စွမ်းအား ၇၅ ဒသမ ၂ ရာခိုင်နှုန်း၊ အသက် ၁၂ နှစ်မှ ၁၇ နှစ်အကြား အရွယ်တွင် ၇၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် အသက် ၁၈ နှစ်မှ ၄၉ နှစ်အကြားအရွယ်တွင် ၆၃ ဒသမ ၇ ရာခိုင်နှုန်း တွေ့ရှိရသည်။

အသက် ၅၀ မှ ၆၄ နှစ်အရွယ်တွင် ၄၉ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများတွင် ရောဂါခုခံနိုင်သည့်စွမ်းအား ၃၃ ဒသမ ၂ ရာခိုင်နှုန်းသာ တွေ့ရှိရသည်။

ရောဂါကူးစက်မှုမှ ကာကွယ်ရန်အတွက် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ဆေးဘက်ဆိုင်ရာ သုတေသီများက ပြည်သူများအား တိုက်တွန်းပြောကြားသည်။ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာမှုမရှိပါက ယခင်ရောဂါကူးစက်ခံရဖူးသူများသည်လည်း ရောဂါပြန်လည်ကူးစက်နိုင်သည့် အခြေအနေရှိနေသေးကြောင်း သုတေသီများက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၀၄ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၂၇**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၀၄ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါရောဂါထပ်မံကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၆၃၁၅၁၆ ဦးရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၃၄ ဦး ရှိကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၉၁၆၃၁၃၂ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူ စုစုပေါင်း၏ ၈၆ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၁၃ ဒသမ ၃ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၉၅ သန်းနီးပါး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




# အိန္ဒိယနိုင်ငံက အသက် ၁၂ နှစ်အောက် ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးကို အသုံးပြုရန် အတည်ပြု

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းငယ် မြင့်တက်လာစဉ်အတွင်း အသက် ၁၂ နှစ်အောက် ကလေးငယ်များအတွက် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးဖြစ်သည့် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Corbevax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ကို အသုံးပြုရန် အတည်ပြုခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ Bharat Biotech ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အသက်ခြောက်နှစ်မှ ၁၂ နှစ်အရွယ် ကလေးငယ်များအတွက် အရေးပေါ်အသုံးပြုရန် ခွင့်ပြုပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး မန်ဒါဗီယာက ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။ လက်ရှိတွင် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အသက် ၁၂ နှစ်မှ ၁၈ နှစ်အရွယ် ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူများကိုလည်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အခြားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုးဖြစ်သည့် Corbevax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း အသက် ငါးနှစ်မှ ၁၂ နှစ်အရွယ် ကလေးငယ်များအတွက် အသုံးပြုရန်အတည်ပြုခဲ့ကြောင်းနှင့် ယင်းကာကွယ်ဆေးအား လက်ရှိတွင် အသက် ၁၂ နှစ်မှ ၁၄ နှစ်အရွယ်ကလေးငယ်များအား ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့သည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလနောက်ပိုင်းမှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၈၇ သန်း ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ အရွယ်ရောက်ပြီးသူစုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၈၀ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၆၇၈၇ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၂၇**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၆၇၈၇ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၀၈၆၆၂၆ ဦးရှိလာကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

**ကူးစက်ခံရ**

ယခု ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၃၇ ဦးမှာ ပြည်ပမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး လက်ရှိအချိန်တွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၁၈၇၇ ဦး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လာခဲ့ပြီးနောက် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် နေ့စဉ်ကူးစက်မှုများပြန်လည်ကျဆင်းလာခဲ့သည်။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၄၁ ဦး ထပ်မံသေဆုံးခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂၄၆၆ ဦးရှိလာသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၄၅၄၀၅၁၂ ဦး(လူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း) ရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်း ထိုးနှံပြီးစီးသူ ၃၃၀၈၃၅၄၄ ဦး(လူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်း)ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အစ္စရေးနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် မျိုးစိတ်သစ်ကူးစက်ခံရသူ သုံးဦးကို ထပ်မံစစ်ဆေးတွေ့ရှိ

**ဂျေရုဆလင် မေ ၂၇**

အစ္စရေးနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် မျိုးစိတ်သစ် ကူးစက်ခံရသူ သုံးဦးကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း အစ္စရေး ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

တဲအဗစ်မြို့ရှိ ဗန်ဂူရီယန် လေဆိပ်တွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ခရီးသည်များအနက် ဘီအေ ၅ အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူနှစ်ဦးနှင့် ဘီအေ ၄ အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ တစ်ဦးတို့အား စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**စစ်ဆေးတွေ့ရှိ**

မေ ၂၅ ရက်က နိုင်ငံအတွင်း ပထမဆုံး ဘီအေ ၄ အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ သုံးဦးကို ပြည်ပမှပြန်လည်ရောက်ရှိလာသည့် ခရီးသည်များအနက်မှ စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ် နှစ်မျိုးအား လက်ရှိအချိန်တွင် ဘော့ဆွာနာ၊ တောင်အာဖရိက၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့တွင် တွေ့ရှိနေရကြောင်း သိရသည်။ ကျန်းမာရေးပညာရှင်များက အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်နှင့်ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်သိရှိနိုင်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၁၂ ရက်တွင် ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အမိန့်ချမှတ်

နေပြည်တော် ဧပြီ ၂၇

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ရာထူးတာဝန်ကို အလွဲသုံးစားပြုကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းထံမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထောက်ခံပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်ပေးအပ်သော အမေရိကန်ဒေါ်လာ ၆၀၀၀၀၀(ခြောက်သိန်း)နှင့် အကယ်ဒမီအခေါက်ရွှေ ခုနစ်ပိဿာတို့ကို ၎င်း၏နေအိမ်တွင် သုံးကြိမ်ခွဲပြီး လက်ခံရယူခဲ့ခြင်းကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ ၂၀၂၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂/၂၀၂၁ ဖြင့် မန္တလေးတိုင်းဒေသကြီး သီးသန့်တရားရုံး (နေပြည်တော်)တွင် ရုံးထိုင်စစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ယနေ့ရက်စွဲဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်ငါးနှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများ၊ ရွှေတုံးများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်အတွင်း တရားမဝင် ကျွန်းတံခါးချပ်နှင့် ကျွန်းတံခါးအပိုင်းအစများ ၃ ဒသမ ၃၄၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၅၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၃၅၀၀)** သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ရွှေရောင်အတုံး ၃၅ တုံး**

ထို့အတူ ဧပြီ ၂၄ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မောင်တောမြို့နယ် နယ်မြေ (၉) အင်းဒင်စစ်ဆေးရေးဂိတ်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အငူမော်မှ မောင်တောသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော အကယ်ဒမီ ၁၀၀ ရာခိုင်နှုန်း စာတန်းပါ အလျား နှစ်လက်မ၊ အနံ တစ်လက်မခန့်၊ တစ်တုံးလျှင် ၁၀ ကျပ်သားခန့်ရှိ ရွှေရောင်အတုံး ၃၅ တုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀၀) သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ဧပြီ ၂၅ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ် ဆားပြင်ကြိုးဝိုင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၉၈၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၉၇၈) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ယင်းအပြင် ဧပြီ ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘီယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၀၀၀၀၀)** သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အလှကုန်ပစ္စည်းများ**

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၀၉၂၄၇၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီထံမှ သိရသည်။

သတင်းစဉ်

# ဗန်းမော်မြို့နှင့် ဘိုကလေးမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ဗန်းမော်မြို့ ရွှေပြည်သာရပ်ကွက်အနီးတွင် ယောရှုမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅၀ နှင့် ငွေကျပ် တစ်သိန်းတို့ကိုလည်းကောင်း၊ ထို့အတူ ဧပြီ ၂၆ ရက် နံနက် ၇ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘိုကလေးမြို့ အမှတ်(၅)ရပ်ကွက် သဘော်ဆိပ်ကမ်း ဇေတတံတားအနီးတွင် နန္ဒအောင်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၄-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီပိုကရေစီဆိုသည်မှာ
- **၀၉:၁၀** NRC အစီအစဉ်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၃၀)
- **၁၅:၂၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ဒန့်သလွန်သီး'
- **၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၇:၁၀** Soccer View
- **၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၂၀** မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာ ဒီလိုပဲ' (အပိုင်း-၂၀) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်' (အပိုင်း-၁၆)
- **၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'Flora & Game Over'

**mitv**

- **07:02** Evergreen Classic: Parami Taw (Hnin Hnin Htoo)
- **07:09** Secret Recipes by Gourmet Chefs (French)
- **07:54** Mandalay, The Golden City
- **08:00** Traditional Chin Clothes
- **08:07** Innovative Handiworks Based On The Art Of Line Drawing
- **08:26** Insight Myanmar: Inclusive Education
- **08:53** Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
- **09:01** News
- **09:27** Products of Myanmar - Bamboo Hat
- **09:35** Halin, A Treasure Trove Of The Ancient Pyu City
- **10:01** Coin Collectors

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** လျှာလည်စေမယ့်ခရုသုပ်
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၅)
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** ဒီရေတောနှင့်ဂျင်သန်သူ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဝါးထဲကပိုး
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** သာသနာအကြောင်းတရား(အပိုင်း-၄)
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** လျှိုင်မွေမြို့သို့အလည်တစ်ခေါက်
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** သွေးချင်းတို့ရဲ့ခေါင်လန်ဖူး
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** မိုးသားတိမ်ထုအောက်က လျှိုင်နန်းဗတောင်အလှ
- **ပအိုဝ်း (၂၂:၀၀ မှ ၂၃:၀၀)** ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** လာလည်စေချင် အမျိုးသားကန်တော်ကြီးဥယျာဉ်
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလောနဲ့'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
- **၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** သရက်စိုက်ပျိုးဝင်ငွေတိုး
- **၀၇:၅၀** ပြုံးပန်းဝေဖြာတို့တောရွာ တစ်ပိုင်တစ်နိုင်ဥယျာဉ်ငယ် မိသားစုစျေးဆိုင်တည်
- **၀၈:၁၅** မျဝေခြင်းဖြင့်အလှဆင်
- **၀၈:၅၀** နည်းစနစ်မှန်ရော်ဘာအစေးလှီးခြင်းမှ အရည်အသွေးမြင့်ရော်ဘာသို့
- **၀၉:၀၀** ရွှေတောင်ပံဖြန့်ကာပျံမယ့်ဂျူး
- **၀၉:၄၅** သက်ရှိလောကရေအဓိက

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝေနေ့တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ စာသင်ကျောင်းများဖွင့်လှစ်၍ စာပေသင်ကြားမှုကို မလိုလားသည့် အကြမ်းဖက်သမားများက မူလတန်းလွန်ဗဟိုစာသင်ကျောင်းအား မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၂၇

အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများ ဖွင့်လှစ်၍ စာပေသင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များကို နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်းများနှင့် လုပ်ကြံပစ်ခတ်သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိလာရသည်။

ထိုသို့ပြုလုပ်လျက်ရှိရာတွင် မေ ၂၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရုံးကြီးရပ်ကွက်၌ မူလတန်းလွန်ဗဟိုစာသင်ကျောင်းရှိ KG စာသင်ခန်းအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် စာသင်ခန်းအတွင်းရှိ အလျား ၂၄ ပေ၊ အနံ နှစ်ပေရှိ သင်ထောက်ကူ ဗီရိုတစ်လုံးနှင့် မျက်နှာကြက်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်ကို မလိုလားဘဲ စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ကျွန်းရွှေဝါရပ်ကွက်နေ ထိန်လင်းသည် ၎င်းအသုံးပြုသည့် "ထိန်လင်း" Face book အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝင်းရပ်ကွက်နေ မင်းခန့်စိုး(ခ) ကောင်းမြတ်စိုးသည် ၎င်းအသုံးပြုသည့် "Min Khant Soe" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၄)ရပ်ကွက် ဆန်တန်းရပ်နေ သီဟသည် ၎င်းအသုံးပြုသည့် "Thiha" Facebook အကောင့်၊ ပခုက္ကူမြို့နယ် ထန်းတောချောင်ကျေးရွာနေ ဦးကံ(ခ) ရိုးခတ်သည် ၎င်းအသုံးပြုသည့် "Yoe Khat" Facebook အကောင့်၊ မြိုင်မြို့နယ် ရေမျက်နီကျေးရွာနေ နှင်းပွင့်ဖြူသည် ၎င်းအသုံးပြုသည့် "Hinn Pwint Phyu" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ မငယ်နှင့် ၎င်း၏ ခင်ပွန်း ချမ်းငြိမ်းထိုက်တို့သည် ၎င်းတို့အသုံးပြုသည့် "Ma Ngal" Facebook အကောင့်နှင့် "Chan Nyein Htike" Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် စိတ္တရမဟီရပ်ကွက်နေ သီဟဇော်(ခ)ဇော်သီဟသည် ၎င်းအသုံးပြုသည့် "Thiha Zaw" Facebook အကောင့်၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ထက်အောင်သည် ၎င်းအသုံးပြုသည့် "Htet Aung" Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ရဲထက်ဦးသည် ၎င်းအသုံးပြုသည့် "Ye Htet Oo" Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဝင်းခိုင်သည် ၎င်းအသုံးပြုသည့် "Win Khaing" Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဇော်ဇော်သည် ၎င်းအသုံးပြုသည့် "Zaw Zaw" Facebook အကောင့်၊ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်နေ အာကာကျော်သည် ၎င်းအသုံးပြုသည့် "Arkar Kyaw" Facebook အကောင့်၊ အမရပူရမြို့နယ် လေးစုရပ်ကွက်နေ သီတာမြင့်(ခ)လုံးလုံးသည် ၎င်းအသုံးပြုသည့် "Lone Lone" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ မိုင်သီရိထွန်းသည် ၎င်းအသုံးပြုသည့် "Mine Thiri Tun" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ထန်းတပင်မြို့နယ်တွင် သစ်စိမ်းမြေဩဇာမျိုးစေ့များ ပေးအပ်ခဲ့ပြီး တောင်သူများ စုပေါင်းကြဲပက်

ထန်းတပင် မေ ၂၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် သီးနှံစိုက်ပျိုးမြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ တောင်သူများထံ ပေးအပ်ခြင်းနှင့် စိုက်ပျိုးမြေ ဧက ၅၀ တွင် စုပေါင်းကြဲပက်ခြင်း အခမ်းအနားကို မိုးကောင်းကျေးရွာအုပ်စု၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်ဦးက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)နှင့် သဘာဝမြေဩဇာများပြုလုပ်သုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အသုံးပြုစိုက်ပျိုးခြင်း၊ ရောဂါပိုးမွှားများ စနစ်တကျနှိမ်နင်းခြင်းအပြင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များကို တာဝန်ရှိသူများက ပေးအပ်သည်။

ထန်းတပင်မြို့နယ်အတွင်း ယခုနှစ် မိုးရာသီတွင် ကျေးရွာအုပ်စု ၁၃ စု၌ ပိုက်ဆံလျှော်စိုက်ပျိုးမြေ ၃၅၇ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။ ကိုလွင်(ဆွာ)



# ရွှေဘိုမြို့နယ်တွင် မျိုးစေ့အရည်အသွေးထောက်ခံချက်နှင့် အဝါရောင်ကတ်များ ပေးအပ်

ရွှေဘို မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရှင်းလွှန်းစံခန်းမတွင် မျိုးစေ့အရည်အသွေးထောက်ခံချက်နှင့် အဝါရောင်ကတ်များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရွှေဘိုမြို့နယ်၏ ၂၀၂၀-၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း)စပါးမျိုး၊ မျိုးသန့်မျိုးပွားစပါးမျိုးစေ့(Register Seed)ကို ဧက ၁၀၄၀ စိုက်ပျိုးပွားများ ထုတ်လုပ်ခဲ့ပြီး အထက်မြန်မာပြည် မျိုးစေ့အရည်အသွေး စစ်ဆေးခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ မျိုးစေ့အရည်အသွေး စံချိန်စံညွှန်းနှင့်ကိုက်ညီ၍ စံချိန်မီခဲ့သော တောင်သူ ၉၄ ဦးတို့အား စီးပွားဖြစ်မျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးရောင်းချရန်အတွက် မျိုးစေ့အရည်အသွေး ထောက်ခံချက်နှင့် အဝါရောင်ကတ်များကို ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများက တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။



အေးမြသက်ထား

# ရှမ်းပြည်နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၇

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်းရှိ ရှမ်း၊ "ဝ"၊ ကိုးကန့်နှင့် ပလောင်ဒေသများတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ မြေလမ်း ၂၅ မိုင်၊ အမာခံဖြုန်းကျောက်ခင်းခြင်း ၁၈ မိုင်၊ ကျောက်လမ်း ၂ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၇ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်တံတားကြီး/သေး သုံးစင်း၊ ချောင်းရေကျော်တစ်ခု၊ Box Culvert အစင်း ၁၅၀ နှင့် စာသင်ကျောင်း သုံးကျောင်း၊ ဘုန်းတော်ကြီးကျောင်း/သီလရှင်ကျောင်း လေးကျောင်းတို့ဖြစ်ကြောင်း သိရသည်။ ငွေကြယ်

# ပြည်နယ်လူမှုစီးပွား တိုးတက်စေသည့် ရှမ်း(တောင်ပိုင်း)မှ လမ်းကွန်ရက်များ

မေရတနာ

ပေပေါင်း ၂၀၀၀ မှ ၈၀၀၀ ကျော်အထိ မြင့်မားသော ရှမ်းတောင်တန်းများက တစ်တောင်နှင့်တစ်တောင် ယှက်နွယ်နေသည်။ ထိုသို့ မြင့်မားသော ရှမ်းတောင်တန်းများကိုကျော်ဖြတ်ပြီး လမ်းတံတားများ ဆောင်ရွက်ရသည်မှာ မြေပြင်မြေပြန့်တွင် ဆောင်ရွက်ရသည်လောက် လွယ်ကူမှုမရှိနိုင်။ သို့ရာတွင် မြင့်မားပြီး ကျောက်တုံး ကျောက်ဆောင်များ၊ လျှိုများ၊ ချောက်များ တည်ရှိနေသော တောင်တန်းများက ပြည်သူများ ဆက်သွယ်သွားလာရေးတွင် အတားအဆီးမဖြစ်စေရန် လမ်းကွန်ရက်များဖြင့် လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။

“တောင်ဆင်းတောင်တက်များတဲ့ တောင်ပေါ်ဒေသတွေဖြစ်တဲ့အတွက် လမ်းကောင်းမှ အဆင်ပြေမှာပါ။ အခုက လမ်းတွေတော်တော်ကောင်းနေပါပြီ။ လမ်းကောင်းတော့ ယာဉ်မောင်းလည်း သက်သာတယ်၊ ကားလည်းသက်သာတယ်။ အတက်၊ အဆင်းမတ်စောက်ပြီး အကွေ့ကြီးတဲ့ နေရာတွေမှာ ကားကြီးတွေ အဆင်ပြေပြေသွားလို့ရအောင် ပြင်ဆင်ပေးထားပါတယ်။ လမ်းကြောင့်တော့ ယာဉ်အန္တရာယ်မဖြစ်အောင် ဆောင်ရွက်ထားပြီဖြစ်တဲ့အတွက် အဆင်ပြေပြေသွားလာနိုင်ကြပါပြီ”ဟု လမ်းအသုံးပြုသူ ကုန်တင်ယာဉ်ကားမောင်းသူ ဦးဇေယျာလင်းက ပြောသည်။



မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ်လမ်း မိုင်(၉၇/၆–၉၇/၇) အတွင်း ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။

### အလှမ်းမဝေးတော့ပါ

စတုရန်းကီလိုမီတာ ၁၅၅၄၅၈ ကျယ်ဝန်းကာ နိုင်ငံ့စုစုပေါင်းဧရိယာ၏ လေးပုံတစ်ပုံနီးပါးရှိသော ရှမ်းပြည်နယ်သည် ရှမ်းမြောက်၊ ရှမ်းတောင်နှင့် ရှမ်းအရှေ့ဟူ၍ အပိုင်းသုံးပိုင်း ဖွဲ့စည်းတည်ရှိနေသည်။ ပြည်နယ်မြို့တော်တည်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာနမှ ခရိုင်သုံးခု၊ လမ်းအထူးအဖွဲ့သုံးဖွဲ့၊ တံတားဦးစီးဌာနမှ တံတားအထူးအဖွဲ့နှစ်ဖွဲ့ဖြင့် လမ်း/ တံတား လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဘဏ္ဍာနှစ်အလိုက် လမ်းပိုင်းများ မြှင့်တင်ဆောင်ရွက်ခဲ့သည့်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း ပြည်နယ်မြို့တော် တောင်ကြီးမြို့သို့ သွားရေးလာရေး အလှမ်းမဝေးတော့ပါ။

“ကျွန်တော်တို့ လမ်းဦးစီးဌာနအနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နှစ်စဉ်ရရှိတဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ လမ်းအဆင့်မြှင့်တင်တာ၊ လမ်းဖောက်လုပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ Paved Ratio အနေနဲ့ ကတ္တရာကွန်ကရစ်/ကွန်ကရစ်/ ကတ္တရာလမ်း လမ်းမိုင်အချိုး ၈၃ ရာခိုင်နှုန်း၊ လမ်းအကျယ် Width Ratio အနေနဲ့ ၁၈ ပေ / ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်/ ကွန်ကရစ် / ကတ္တရာလမ်းမိုင်အချိုး ၅၆ ရာခိုင်နှုန်းအထိ တိုးတက်လာပါပြီ”ဟု ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က ပြောကြားသည်။

> ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနသည် ပြည်ထောင်စုမှ စီမံခန့်ခွဲလျက်ရှိသည့် လမ်း ကိုးလမ်း လမ်းမိုင်အရှည် ၇၉၇ မိုင် သုည ဒသမ ၅ ဖာလုံ၊ ပြည်နယ်မှ စီမံခန့်ခွဲလျက်ရှိသည့် လမ်း ၆၂ လမ်း လမ်းမိုင်အရှည် ၁၆၈၇ မိုင် ၇ ဒသမ ၅ ဖာလုံကို တာဝန်ယူ ဆောင်ရွက်

### တာဝန်ယူဆောင်ရွက်

ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနသည် ပြည်ထောင်စုမှစီမံခန့်ခွဲလျက်ရှိသည့် လမ်း ကိုးလမ်း လမ်းမိုင်အရှည် ၇၉၇ မိုင် သုည ဒသမ ၅ ဖာလုံ၊ ပြည်နယ်မှ စီမံခန့်ခွဲလျက်ရှိသည့် လမ်း ၆၂ လမ်း လမ်းမိုင်အရှည် ၁၆၈၇ မိုင် ၇ ဒသမ ၅ ဖာလုံကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

“ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း လမ်းအရေအတွက် စုစုပေါင်း ၇၁၊ လမ်းမိုင်အရှည်အားဖြင့် ၂၄၈၅ မိုင် ၀ ဖာလုံနဲ့ ပေ ၁၈၀ အထက် သံကူကွန်ကရစ်တံတား အပါအဝင် စုစုပေါင်း တံတား ၇၃၇၉ စင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီလမ်းပိုင်းတွေထဲက လမ်းမိုင် ၁၇၁ မိုင် ၄ ဖာလုံကို ပုဂ္ဂလိကကုမ္ပဏီသုံးခုကနေ BOT စနစ်နဲ့ တာဝန်ယူဆောင်ရွက်နေပါတယ်” ဟု လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က ရှင်းပြသည်။

လမ်းဦးစီးဌာနသည် လမ်းနှင့်တံတားများကို နိုင်ငံတော်မှ ချမှတ်ထားသည့် Good Governance, Clean Government မူဝါဒများ အကောင်အထည်ဖော်နိုင်ရန်အတွက် Regulatory Body အဖြစ် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ပိုမိုထိရောက်စေရန် ဆောင်ရွက်ခြင်း၊ အရည်အသွေးပိုမိုကောင်းမွန်ပြီး ပြည်သူများအား ဝန်ဆောင်မှုပိုမိုပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်း (Standard Specification) များ၊ Rules & Regulations များ ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ **စာမျက်နှာ ၁၇ သို့** ✻



ကျောက်တန်း– ဖက်နမ်– ပင်လုံလမ်း (၃ ဒသမ ၆၆ မီတာ) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



လွိုင်လင်– ပန်ကေတု– သီပေါလမ်း(လွိုင်လင်မြို့အထွက်) ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

> ကျောက်တောင်/ မြေတောင်လမ်းချဲ့ခြင်း ၁၃ မိုင် ၃ ဖာလုံ၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ရှစ်စင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း ၂၇ စင်း၊ တံတားချဲ့ခြင်း/ ပြုပြင်ခြင်း ၁၀၅ စင်း၊ ကျောက်စီရေမြောင်းနှင့် မြေကာနံရံတည်ဆောက်ခြင်း ၅၃၀၉ ပေ၊ ကီလိုမီတာတိုင်/ အသိပေး/ သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း ၁၁၇၈ ခု နှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စသည့်လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထား

✻ စာမျက်နှာ ၁၆ မှ

ထို့အတူ လမ်းအူကြောင်းနှင့် လမ်းလွှာဒီဇိုင်းများ ပုံစံထုတ်ခြင်း၊ လမ်းဦးစီးဌာနသည် ပြည်သူ့လုပ်ငန်းနှင့် မြို့ပြဖွံ့ဖြိုးရေး ဝန်ကြီးဌာနပိုင် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော လမ်းပေါ်ရှိ လမ်းလုပ်ငန်းများအား နှစ်အလိုက်စီမံကိန်းများ ရေးဆွဲခြင်း၊ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ပြုစု၍ ငွေလုံးငွေရင်းရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်းရှိ လမ်းမိုင်စာရင်းများ နှစ်စဉ်ပြုစုပေးခြင်း၊ လမ်းလုပ်ငန်းများအား BOT စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ပုတ်ပြတ်လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများတွင် တည်ဆောက်ရေး ပစ္စည်းဝယ်ယူဖြန့်ဖြူးရေးများကိုလည်း Open Tender ပီပီပြင်ပြင် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးရသည်။

### ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်

လမ်းဦးစီးဌာနသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး စာချုပ်စာတမ်း ခိုင်ခိုင်မာမာ ချုပ်ဆိုဆောင်ရွက်၍ လုပ်ငန်းများ တာဝန်ပေးအပ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများအား ကြီးကြပ်စစ်ဆေးခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ (Department of Highways) ဖွဲ့စည်းပုံနှင့်အညီ လူ့စွမ်းအားနှင့်သင်တန်းဌာနခွဲ၊ စီမံခန့်ခွဲရေး/ မူဝါဒနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ/ လမ်းအန္တရာယ်ကင်းရှင်းရေးဌာနခွဲ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လမ်းထိန်းသိမ်းရေးဌာနခွဲနှင့် ဖြည့်တင်းရေးဌာနခွဲတို့အား အသစ်ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အခြားဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အပ်နှံလာသည့်လုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လုပ်ငန်းများအား စီမံကွပ်ကဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရသည်။

ယင်းလုပ်ငန်းတာဝန်များနှင့်အညီ ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနသည် ဒေသတွင်းလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ အမာခံလမ်း၊ မြေလမ်း စသည့်လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လတာ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း ၇ မိုင် ၂ ဖာလုံ ၊ ၂၄ ပေ/ ၁၈ပေ အကျယ်ကတ္တရာလမ်းချဲ့ခြင်း ၃၂ မိုင် ၄ ဖာလုံ၊ ၂၄ ပေ/ ၁၈ ပေ အကျယ်ရရန် ဒု-အခြေခံလွှာ/ အခြေခံလွှာဖြင့်ချဲ့ခြင်း ၁၂ မိုင် ၄ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၂၄ မိုင် ၄ ဖာလုံ ၊ ကျောက်တောင်/ မြေတောင်လမ်းချဲ့ခြင်း ၂၈ မိုင် ၁ ဖာလုံ၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၁၀ စင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း ၄၁ စင်း၊ တံတားချဲ့ခြင်း/ ပြုပြင်ခြင်း ၁၂ စင်း ဆောင်ရွက်နိုင်ခဲ့သည်။

### အောင်အောင်မြင်မြင် အကောင်အထည်ဖော်

ထို့အတူ ခြောက်လတာ ဘဏ္ဍာနှစ်အတွင်း ကျောက်စီရေမြောင်းနှင့် မြေကာနံရံတည်ဆောက်ခြင်း ၃၄၆၁ ပေ ၊ အသိပေး/ သတိပေးဆိုင်းဘုတ်စိုက်ထူခြင်း ၂၆၇ ခု နှင့် သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ စသည့်လုပ်ငန်းအပါအဝင် လုပ်ငန်းအမျိုးအစားပေါင်း ၂၁ ခု၊ လုပ်ငန်းအရေအတွက် ၄၀၈ ခုဖြင့် လမ်း/ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခဲ့သည်။

ထို့ကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လမ်းအမျိုးအစားလမ်းအခြေအနေမှာ ကတ္တရာကွန်ကရစ် AC လမ်း ၇၂ မိုင် ၂ ဖာလုံ ၁၉၈ ပေ၊ ကွန်ကရစ်လမ်း မိုင်၂၀ ၆ ဖာလုံ ၅၉၄ ပေ၊ ကတ္တရာလမ်း ၁၉၂၉ မိုင် ၇ ဖာလုံ ၄၁၆ ပေ၊ ကျောက်လမ်း ၅၄ မိုင် ၆ ဖာလုံ ပေ ၃၃၀၊ အမာခံလမ်း မိုင် ၁၃၀ ၃ ဖာလုံ ၄၄၂ ပေ၊ မြေလမ်း ၂၄၅မိုင်၁ဖာလုံအထိ တိုးတက်လာခဲ့သည်။

လမ်းများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရာတွင် နှစ်ရှည်ပင်မစီမံကိန်းတွင် ပါဝင်သော နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ၊ အဓိကပြည်ထောင်စုလမ်းများအား ကတ္တရာလမ်း ၃ ဒသမ ၆၆ မီတာအကျယ်မှ ၅ ဒသမ ၅ မီတာအကျယ်ချဲ့ရန်နှင့် ၇ မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ်ရရှိအောင် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန်၊ ပြည်နယ်လမ်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ရန်နှင့် ၃ ဒသမ ၆၆ မီတာ ၁၂ ပေ အကျယ်မှ ၅ ဒသမ ၅ မီတာ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဟူသည့် လုပ်ငန်းစဉ်များကို လမ်းဦးစီးဌာနက ချမှတ်ထားသည်။

ထိုကဲ့သို့ ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီဆောင်ရွက်ပြီး အရည်အသွေးပြည့်မီသော လမ်းလုပ်ငန်းများဖြစ်စေရန် လမ်းဦးစီးဌာနမှ အရည်အသွေး စိစစ်ရေးအဖွဲ့များ၏ စစ်ဆေးစိစစ်မှုများဖြင့် ပြည်နယ်အတွင်းရှိ လမ်းပိုင်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခဲ့သည့် လမ်းများ၏ အရည်အသွေးကို စစ်ဆေးနိုင်ရန်အတွက် လမ်းများဆောင်ရွက်ရာတွင် ရှိရမည့် စံအရည်အသွေး Technical Specification ကို လမ်းဦးစီးဌာနက ဒီဇိုင်းထုတ်ပေးစဉ်ကပင် တစ်ပါတည်း သတ်မှတ်ထားကြောင်း သိရသည်။

### လမ်းတွေက အခြေခံလိုအပ်ချက်ဖြစ်

"ပြည်သူတွေအတွက် လူမှုစီးပွားဖွံ့ဖြိုးဖို့ စဉ်းစားရာမှာ ဆက်သွယ်သွားလာဖို့ လမ်းတွေက အခြေခံလိုအပ်ချက်ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လမ်းပိုင်းတွေ ကောင်းမွန်ဖို့ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အပြီးမှာ Paved Ratio ကတ္တရာကွန်ကရစ်/ ကွန်ကရစ်/ ကတ္တရာလမ်းဖြစ်ပြီး လမ်းမိုင် အချိုး ၈၄ ရာခိုင်နှုန်း၊ လမ်း ၁၈ပေ/၂၄ပေ အကျယ်ဖြစ်ပြီး ကတ္တရာကွန်ကရစ်/ ကွန်ကရစ် / ကတ္တရာလမ်းမိုင်အချိုး ၅၇ ရာခိုင်နှုန်းအထိ တိုးတက်ဆောင်ရွက်နိုင်ဖို့ လျာထားပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသူရဇော်က ရှင်းပြသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် လမ်းကွန်ရက်အဆင့်မြှင့်တင်မှုအနေဖြင့် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ကတ္တရာကွန်ကရစ် AC လမ်းခင်းခြင်း ၅ ဖာလုံ၊ ကွန်ကရစ်လမ်းခင်းခြင်း ၇ ဖာလုံ၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၁၄ မိုင် ၇ ဖာလုံ ပေ ၃၃၀၊ ၂၄ပေ / ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၃၃ မိုင် ၇ ဖာလုံ ပေ ၃၃၀၊ ၂၄ ပေ/ ၁၈ ပေ အကျယ်ရရန် ဒု-အခြေခံလွှာ/အခြေခံလွှာဖြင့်ချဲ့ခြင်း ၂ မိုင် ၁ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း မိုင် ၄၀၊ ၄ ဖာလုံတို့ကို လမ်းဦးစီးဌာနအနေဖြင့် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ထို့အတူ ကျောက်တောင်/ မြေတောင်လမ်းချဲ့ခြင်း ၁၃ မိုင် ၃ ဖာလုံ၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ရှစ်စင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း ၂၇ စင်း၊ တံတားချဲ့ခြင်း/ ပြုပြင်ခြင်း ၁၀၅ စင်း၊ ကျောက်စီရေမြောင်းနှင့် မြေကာနံရံတည်ဆောက်ခြင်း ၅၃၀၉ ပေ၊ ကီလိုမီတာတိုင်/ အသိပေး/ သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း ၁၁၇၈ ခု နှင့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စသည့်လုပ်ငန်းများကို ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

ခရိုင် သုံးခရိုင်၊ မြို့နယ် ၂၁ မြို့နယ် ဖွဲ့စည်းထားသော ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေရန်အတွက် အခြေခံကျသည့် လမ်းကွန်ရက်များကို ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ပြည်သူ့အတွက် ဆောင်ရွက်ရာတွင် ဦးစီးဌာနက ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ အရည်အသွေးပြည့်မီသော လမ်းလုပ်ငန်းများ ဖြစ်စေရန်အတွက်လည်း ကြိုးပမ်းဖော်ဆောင်နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ဟံမြင့်မိုရ်- မြို့ကြီး- အောင်ပန်းလမ်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



လဲချား- မိုင်းနောင်- မိုင်းရှူး- မိုင်းကောင်လမ်းပေါ်ရှိ နမ့်ပန်ချောင်းတံတားကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၉ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၂၄,၇၂၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာစုစုပေါင်း (၆၁၂,၈၀၂) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၇၄၀) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

သို့ဖြစ်ပါ၍ (၃-၄-၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၅) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇-၄-၂၀၂၂) ရက်နေ့မှ စတင်၍ ယနေ့အထိ (၂၁) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၄-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၀,၁၄၂,၈၉၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၇,၀၂၈,၄၆၇) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးသူ (၂၃,၁၁၄,၄၂၈) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၃၆၉,၂၄၉) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၆-၄-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၅၄,၆၂၆,၅၇၂)ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၃၅) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၉) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၈၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၀၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၇၂) ခု | (၃) ဦး |
| စုစုပေါင်း | (၈,၇၆၁) ခု | (၁၇) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၂၆-၄-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၇,၀၂၈,၄၆၇) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၃,၁၁၄,၄၂၈) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၃၆၉,၂၄၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့်ထိုးနှံပြီး လူဦးရေ | (၃၀,၁၄၂,၈၉၅) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၄,၆၂၆,၅၇၂) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၇၈၉၇၁၆ | ၈၀၅၄၇၄၀၂ | ၁၀၁၉၀၀၈ |
| ၂။ | အိန္ဒိယ | ၄၃၀၆၅၆၆၆ | ၄၂၅၂၅၆၃ | ၅၂၂၁၉၄ |
| ၃။ | ဘရာဇီး | ၃၀၃၇၈၀၆၁ | ၂၉၄၁၁၈၀၃ | ၆၆၂၉၄၁ |
| ၄။ | ပြင်သစ် | ၂၈၄၁၅၄၁၃ | ၂၆၂၄၅၀၄၄ | ၁၄၅၄၂၇ |
| ၅။ | ဂျာမနီ | ၂၄၃၆၃၃၇၉ | ၂၁၆၆၅၂၀၀ | ၁၃၅၁၂၄ |
| ၆။ | ဗြိတိန် | ၂၂၀၉၄၈၀၉ | ၂၁၀၂၇၈၈၅ | ၁၇၄၁၄၄ |
| ၇။ | ရုရှား | ၁၈၁၅၉၆၀၀ | ၁၇၅၀၆၈၅၉ | ၃၇၅၄၀၀ |
| ၈။ | တောင်ကိုရီးယား | ၁၇၀၈၆၆၂၆ | စိစစ်ဆဲ | ၂၂၄၆၆ |
| ၉။ | အီတလီ | ၁၆၁၉၁၃၂၃ | ၁၄၇၉၃၄၂၀ | ၁၆၂၉၂၇ |
| ၁၀။ | တူရကီ | ၁၅၀၂၃၆၆၂ | ၁၄၉၀၃၄၂၀ | ၉၈၇၂၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၂၀၂၀၃ | ၉၁၁၆၂၂၅ | ၄၃၀၂၉ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၅၆၆၀ | ၅၈၈၀၃၁၉ | ၁၅၆၁၉၉ |
| ၃။ | မလေးရှား | ၄၄၃၆၉၁၂ | ၄၃၃၉၅၂၁ | ၃၅၅၂၀ |
| ၄။ | ထိုင်း | ၄၂၀၉၅၇၁ | ၄၀၁၈၄၆၀ | ၂၈၁၄၇ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၅၀၂၉ | ၃၆၁၄၂၃၈ | ၆၀၂၁၅ |
| ၆။ | စင်ကာပူ | ၁၁၈၇၉၁၄ | ၁၁၁၅၈၂၉ | ၁၃၃၃ |
| ၇။ | မြန်မာ | ၆၁၂၈၀၂ | ၅၉၁၇၄၀ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၆၅၁၂ | ၂၀၃၄၁၁ | ၇၃၇ |
| ၉။ | ဘရူနိုင်း | ၁၄၁၅၃၁ | ၁၄၀၄၂၂ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၃၅ | ၁၃၂၉၉၄ | ၃၀၅၆ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"အမှန်တော့ အရီ မန္တလေးကိုစွန့်ခွာခဲ့ရတာ သူ့ကြောင့်ပါ ဒေါ်ဒေါ်ဝင်း၊ သူက အရီ့ကို ဒုက္ခပေးတယ်လို့ ဆိုတယ်။ တကယ်တမ်းကျတော့ အရီ့အနေနဲ့ သူ့ကို ဘယ်လိုမှ ဒုက္ခမပေးနိုင်ခဲ့ပါဘူး။ သူကသာ အရီ့ကို ဒုက္ခပေးခဲ့တာပါ"

"သူက"

ဒေါ်ဝင်းရီ စကားထောက်ပေးသည်။

"သူ့နာမည်က မအေးမြတဲ့။ ဒါပေမဲ့ အေးမြမယ့်ရုပ်လား၊ ပူလောင်မယ့်ရုပ်လားဆိုတာကိုတော့ ဒေါ်ဒေါ်ဝင်းတို့ အမြင်ပဲလေ"

နန်းကိန္နရီသည် သူ၏စကားကို သူ့ဘာသာသဘောကျမိသလို ရယ်လိုက်သည်။

"သူနဲ့အရီ ဘယ်လိုဆက်စပ်ခဲ့တာလဲကွယ်"

နန်းကိန္နရီ၏မျက်နှာမှာ တည်ကြည်လာသည်။ ငြိမ်သက်လာသည်။ အကြည့်သည်လည်း ရီဝေနေလေသည်။

"မအေးမြဟာ ဖေဖေရဲ့ ဒုတိယအိမ်ထောင်လို့ပြောကြတယ်။ အရီနဲ့ဆိုရင် မိထွေးတော်တာပေါ့။ သူနဲ့ ဖေဖေက အသက်အများကြီးကွာတယ်။ ဖေဖေဟာ မအေးမြထက် အနှစ်နှစ်ဆယ်လောက်ကြီးတယ်။ အသက်အရွယ်ကွာခြားတာကိုအကြောင်းပြုပြီး ဖေဖေ့ကို အမျိုးမျိုးနှိပ်စက်ခဲ့တယ်။ အင်းလေ အခုတော့ ဖေဖေဟာ သူပြောသလို လွတ်လွတ်ကျွတ်ကျွတ် ဖြစ်သွားခဲ့ပါပြီ။ ဘာပဲပြောပြော ဖေဖေ့မှာ ရွေးချယ်စရာ ဒီတစ်လမ်းပဲရှိခဲ့တယ်ထင်ပါရဲ့"

"ဘုန်းကြီးဝတ်သွားတယ်ဆိုတာကို ပြောတာလား ဟင်"

"ဒါပေါ့ ဒေါ်ဒေါ်ဝင်း၊ လူတစ်ယောက်ဟာ တော်ရုံတန်ရုံ ဒုက္ခသုက္ခရောက်ရုံနဲ့ ကလေးငါးယောက်ကို ပစ်ထားခဲ့ပြီး ဘယ်မှာ ဘုန်းကြီးသွားဝတ်နေနိုင်မှာတဲ့လဲ"

ဒေါ်ဝင်းရီကိုယ်တိုင်ပင် သက်ပြင်းရှိုက်မိသည်။

"အရီနဲ့သူတို့ ဘယ်လိုဆက်စပ်နေတယ်။ အရီရဲ့ဘဝဟာ မန္တလေးမှာ ဘယ်လိုကျင်လည်ခဲ့ရတယ်ဆိုတာတွေ ပြောပြဖို့ အချိန်တန်ပြီထင်တယ် အရီ"

ဒေါ်ဝင်းရီ တိုက်တွန်းသည်။

နန်းကိန္နရီသည် ဒေါ်ဝင်းရီ၏ စကားများကို ကြားမိဟန်မတူ။ စိတ်အတွေးတို့ အဝေးသို့ ပျံ့လွင့်နေဟန်ရှိသည်။

ထိုစဉ်တွင် နန်းကိန္နရီ၏ အကြားအာရုံဝယ် ဥသြငှက်၏ အော်မြည်သံသဲ့သဲ့ကို ကြားယောင်နေရသည်သို့ ရှိလေသည်။

x x x x x

ထိုအိမ်မှ ပြန်ခဲ့ရလေတိုင်း တင်တင်ရီ၏ရင်မှာ လှုပ်ရှားခဲ့ရသည်ချည်း ဖြစ်လေသည်။ တစ်ခါမဟုတ်၊ တစ်ကြိမ်မက၊ ထိုအိမ်သို့ ရောက်ရှိလေရသော ကာလတိုင်းတွင်ပင် ဖြစ်သည်။

ထိုအိမ်သည် လမ်းထိပ်တွင်ရှိသည်။ ကြီးမားခံ့ညားသော အိမ်ကြီးတစ်ဆောင်ဖြစ်သည်။ သီပေါမင်းခေတ်က ကွင်းရစ်သော အိမ်ပုံစံမျိုးဖြစ်သည်။

အိမ်ပိုင်ရှင်မှာ တစ်ကြိမ်သောအခါက နန်းတွင်း အပျိုတော်ကြီးဆိုလားမသိ။ ယခုအခါ ထိုအပျိုတော်ကြီး၏ အဆက်အနွယ်တို့ ဆက်လက်နေထိုင်ကြသည်။ တချို့ကတော့ ပညတ်သွားရာ ဓာတ်သက်ပါသည်ဟု ဆိုကြသည်။ အကြောင်းမူ ယနေ့ နေထိုင်လျက်ရှိကြသူများလည်း အပျိုကြီးများပင် ဖြစ်ကြလေသည်။ အားလုံးပေါင်း သုံးယောက်ရှိသည်။ ဘယ်ကဘောကမ္ဘာက ငွေအဘယ်မျှစုထားခဲ့သည်မသိ။ တစ်ယောက်မျှ အလုပ်မလုပ်ဘဲနှင့် နှစ်ပေါင်းမြောက်မြားစွာ နေထိုင်စားသောက်ကြသည်။

အပျိုကြီးများ၏အမည်မှာ ဖြူပြာ၊ မူယာ၊ သူဇာဟုခေါ်သည်။ အားလုံး အသက်ခြောက်ဆယ် ကျော်ကြလေပြီ။ ခေါင်းဖြူစွယ်ကျိုး ဖြစ်နေကြလေပြီ။

အငယ်ဆုံးဒေါ်သူဇာမှလွဲ၍ ကျန်မိန်းမကြီးများ အပြင်သို့ ထွက်ခဲသည်။ ဝရန်တာတွင်ပင် ထွက်ရပ်လေ့မရှိကြ။

သို့တိုင်အောင် အရပ်ထဲမှာ အပ်ကျသည်ကအစ သူတို့သိသည်။ အရပ်ထဲတွင် နေသူတို့အကြောင်းကို သန်းခေါင်စာရင်းထက်ပင် စေ့စပ်သေချာစွာ သူတို့သိသည်။ ဘယ်သူ သမီးရည်းစားထားသည်ကအစ၊ ဘယ်သူမျောက်မွေးသည်အဆုံး သူတို့နားသို့ရောက်သည်။

သူတို့တွင် လုပ်ငန်းမည်မည်ရရမရှိဟု ပြော၍မဖြစ်နိုင်။ သူတို့၏ အဓိကလုပ်ငန်းကား အတင်းအဖျင်းပေါင်းစုံ လေ့လာစုံစမ်းရေးနှင့် ပြန်လည်ဖြန့်ချိရေးလုပ်ငန်း ဖြစ်သည်။

သူတို့သည် စိတ်လိုလက်ရ ရှိသည့်အခါ အပေါင်ခံသည်။ အတိုးကြီးလွန်းသောကြောင့်လည်းကောင်း၊ အပြောဆိုးလွန်းသောကြောင့်လည်းကောင်း သေရေးရှင်ရေးတမျှ အရေးမကြီးလျှင် သူတို့ထံတွင် ပေါင်နှံလေ့မရှိကြ။ မလွှဲမကင်းသာလွန်းမှသာ ပေါင်ကြနှံကြသည်။

တင်တင်ရီတို့ငယ်စဉ် ကလေးဘဝက ယင်းမိန်းမကြီးများကို စုန်းမကြီးများဟု ယိုးစွပ်ခဲ့ကြသည်။ ညအခါ လူခြေတိတ်ချိန်တွင် ထိုအိမ်ရှေ့မှ ဖြတ်လျှောက်ရန် မဝံ့မရဲရှိကြသည်။ ဖြတ်လျှောက်ရလေပြီဆိုသောအခါတွင်လည်း ရတတ်သမျှ ဂါထာမန္တန်များကို ရွတ်ဖတ်မိကြသည်။

အချို့သူတို့ပြောစကားအရ ဒေါ်ဖြူပြာသည် ညအခါတွင် ကိုယ်မပါဘဲ ခေါင်းချည်းသက်သက် ဖြတ်ထွက်သွားကာ ကောင်းကင်တွင် ကျက်စားသွားလာသည်ဟု သိရသည်။ ထဘီခြုံလိုက်လျှင် လင်းတ ဖြစ်သွားတတ်သည်ဟု ပြောသည်။

ထိုကြောင့် ညအခါတွင် တင်တင်ရီတို့ ထိုအိမ်ဘက်မှ ခေါင်းပြတ်ကြီး ထိုးတက်လာလေမလား၊ လင်းတကြီး ပျံတက်လာလေမလားနှင့် စောင့်ကြည့်ခဲ့ကြဖူးသည်။ ယနေ့အထိတော့ ဘာတစ်ခုမျှမမြင်ရ။

ဖေဖေက ယင်းအိမ်သို့ လွှတ်လေတိုင်း တင်တင်ရီ၏စိတ်တွင် စနိုးစနောင့် ခံစားရသည်ချည်းဖြစ်သည်။ ထိုအိမ်မှ ပြန်လာလေတိုင်းလည်း ရင်ဝယ် လှုပ်ရှားမှု ကြီးစိုးခဲ့ရသည်ချည်းပင်။

ယနေ့လည်း အခါတိုင်းကလိုပင်ဖြစ်သည်။

ဖေဖေက ကြံဆစ်လက်ကောက်တစ်ရန်ကို ထိုအိမ်သို့သွားပေါင်ရန် ပြောသည်။ တင်တင်ရီ ငြင်းပယ်မိသေးသည်။ အတင်းအကျပ်လွှတ်၍ လာခဲ့ရသည်။

ထိုအိမ်သို့ တင်တင်ရီရောက်လာချိန်၌ ညီအစ်မသုံးယောက်စလုံး ရှိသည်။ အကြီးဆုံး ဒေါ်ဖြူပြာသည် မမာမကျန်းဖြစ်နေသည်။ အသက် ရှစ်ဆယ်နီးပါးရှိပြီဖြစ်၍ ဒေါ်ဖြူပြာမှာ သူငယ်ပြန်စပြုပေပြီ။ ဒေါ်မူယာမှာလည်း အအေးပတ်၍ဆိုကာ စောင်ခြုံထားသည်။ ဒေါ်သူဇာတစ်ယောက်သာ လှုပ်လှုပ်ရှားရှားရှိသည်။

စင်စစ် တင်တင်ရီကသာ ယင်းမိန်းမကြီးများကို ကြောက်လန့်နေသည်။ သူတို့ကမူ တင်တင်ရီအား များစွာ လိုလားနှစ်သက်ခြင်း ရှိကြပေသည်။ တင်တင်ရီမို့ ရောက်လာပြီဆိုလျှင် ညီအစ်မသုံးယောက်စလုံးဝိုင်းလာကြသည်။ ကရုဏာသက်သော မျက်လုံးများဖြင့် ဝိုင်းဝန်း ကြည့်ရှုကြသည်။ တစ်ယောက်တစ်ပေါက်ဆိုသလို မေးခွန်းတွေ စုံလောက်အောင် မေးသည်။

ရှိသမျှအစားအစာကို ချကျွေးတတ်သည်။ တင်တင်ရီသည် ချကျွေးသမျှ စားတတ်သည်မဟုတ်ပေ။ ငြင်းပယ်တတ်သည်။ တစ်ခါက သည်သို့ပင်ကျွေးဖူးသည်။ လက်ဖက်သုပ်ဖြစ်သည်။ အကြီးမကြီးက ဆီနည်းသည် ဆိုကာ ဆီဆမ်းဖို့ပြောသည်။ အငယ်မက ဆီကုန်နေသည် ဆိုသည်။ အလတ်မက ခေါင်းလိမ်းသော အုန်းဆီပုလင်းထဲက ဆီဆမ်းပေးသည်။ ထိုအခါ ဆီပုလင်းထဲဝယ် ပိုးဟပ်သေတစ်ကောင်နှင့် ဆံပင်တစ်ထွေးကို တင်တင်ရီတွေ့ရသည်။ အတင်းတိုက်တွန်းလွန်း၍ တစ်လုတ်နှစ်လုတ်စားပြီးနောက် အိမ်သို့ရောက်သောအခါ ပါးစပ်ကို လက်ထိုးအန်ရသည်မှာ မောနေသည်။ သည့်နောက် ဘာကျွေးကျွေး မစားတော့။

ပေါင်စရာရှိပြီဆိုလျှင် ဖေဖေသည် ထိုအိမ်တွင်သာ ပေါင်သည်။ တင်တင်ရီကိုသာလွှတ်သည်။ ထူးခြားသည်မှာ မည်သည့်ပစ္စည်းမဆို အပျိုကြီးမတို့က တောင်းသမျှ ငွေပေးသည်။ ငြင်းပယ်သည်ဟူ၍ မရှိခဲ့။ ဤသည်မှာ တင်တင်ရီတို့အနေနှင့် တစ်ခါပေါင်ပြီးနောက် ဘယ်နံရောအခါတွင်မှ ပြန်မရွေးနိုင်သောကြောင့်လည်း ဖြစ်တန်ရာသည်။

တင်တင်ရီလာပေါင်လေတိုင်း သူတို့မေးတတ်သော၊ မေးလေ့ရှိသောမေးခွန်း တစ်ခုရှိသည်။

"ညည်းမေမေရဲ့ပစ္စည်းတွေ အခုထိ မကုန်သေးဘူးလား ဟင်" ဟူသော အမေး။

တင်တင်ရီသည် ယင်းအမေးကို မဖြေတတ်နိုင်ခဲ့။ မေမေ၏ပစ္စည်း အဘယ်မျှရှိခဲ့၍၊ အဘယ်မျှကုန်ပြီ၊ အဘယ်မျှကျန်သေးသည်ကို တင်တင်ရီမသိ။ ဖေဖေ့အလိုကျသာဖြစ်သည်။ ပစ္စည်းမည်ရွေ့မည်မျှရှိသည်ကို ဖေဖေသာ သိသည်။

နောက်တစ်ခုကလည်း "ညည်းမေမေ" ဆိုသူမှာ လက်ရှိမိခင်ကို ရည်စူးမေးမြန်းခြင်းမဟုတ်။

တင်တင်ရီအနေနှင့် လက်ရှိမိခင်မှအပ အခြားမိခင်တစ်ယောက် ရှိသေးသည်ဟုမသိခဲ့။ ဒေါ်သူဇာတို့က မအေးမြကို သူ၏မိခင်အဖြစ် အသိအမှတ်မပြုနိုင်ကြောင်း တွေ့ရလျှင် အံ့အားသင့်နေမိသည်။ ဖေဖေသည် မအေးမြအပြင် အခြားမိန်းမတစ်ယောက် ရခဲ့ဖူးလေသလား။ မအေးမြမှာ မိမိ၏ မိထွေးလေလား မစဉ်းစားတတ်နိုင်။ ဖေဖေနှုတ်မှ သော်လည်းကောင်း၊ မအေးမြ၏ နှုတ်မှသော်လည်းကောင်း သည်အကြောင်း တစ်စွန်းတစ်စ မပြောစဖူး။

လက်ဝတ်လက်စားနှင့်ပတ်သက်၍ တင်တင်ရီ သတိထားမိသည်မှာ ငယ်စဉ်က ပွဲလမ်းသဘင် တစ်ခုခုသွားပြီဆိုလျှင် လက်ဝတ်လက်စားတွေ ညွတ်နေအောင် ဝတ်ရသည်။ ယခု မဝတ်နိုင်တော့။ ဤသည်ကိုထောက်၍ လက်ဝတ်လက်စား တစ်စတစ်စနည်းပါးသွားခဲ့ပြီဖြစ်ကြောင်း ထင်ရှားလာသည်။ သည် ကြံဆစ်လက်ကောက်တစ်ရန် ကုန်လျှင် ရွှေနှင့်စပ်၍ တစ်မှုန်မှ ကျန်ပါလေဦးမည်လား မပြောတတ်နိုင်။

**ဆက်လက်ဖော်ပြပါမည်။**

"မအေးမြဟာ ဖေဖေရဲ့ ဒုတိယအိမ်ထောင်လို့ ပြောကြတယ်။

အရီနဲ့ဆိုရင် မိထွေးတော်တာပေါ့။

သူနဲ့ဖေဖေက အသက်အများကြီးကွာတယ်။

ဖေဖေဟာ မအေးမြထက် အနှစ်နှစ်ဆယ်လောက်ကြီးတယ်။

အသက်အရွယ်ကွာခြားတာကိုအကြောင်းပြုပြီး ဖေဖေ့ကို အမျိုးမျိုးနှိပ်စက်ခဲ့တယ်။

အင်းလေ အခုတော့ ဖေဖေဟာ သူပြောသလို လွတ်လွတ်ကျွတ်ကျွတ်ဖြစ်သွားခဲ့ပါပြီ။

ဘာပဲပြောပြော ဖေဖေ့မှာ ရွေးချယ်စရာ ဒီတစ်လမ်းပဲရှိခဲ့တယ်ထင်ပါရဲ့"

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မြန်မာ့ရိုးရာစကားပုံ ပုံပြင်များ

မင်းသက်တင်

**တိတ်တိတ်နေထောင်တန်**

“မြေခွေးရယ် ငါ့ကိုကူညီပါလားကွယ်” ။

ရေသောက်ဖို့ ခေါင်းငုံ့ပြီး လမ်းလျှောက်လာတဲ့မြေခွေးကို နွံနစ်နေတဲ့ခြင်္သေ့က အကူအညီတောင်းတာပေါ့။ အသံကြားလို့ ခေါင်းမော့အကြည့် ခြင်္သေ့ကိုတွေ့တော့ ပြေးမယ်ပြုရာ ခြင်္သေ့က ထပ်ပြောလေတယ်။

“ငါ နွံနစ်နေလို့ပါ။ လာကူပါဦး မြေခွေးရာ ကျေးဇူးမမေ့ပါဘူးကွယ်။”

လေသံက အားအင်ချည့်နဲ့နေတဲ့ အသံမျိုးဖြစ်နေတော့ မြေခွေးက မရဲတရဲနဲ့ ပြန်လာတဲ့အခါ ခြင်္သေ့က ရွှံ့ညွန်ထဲမှာ နစ်နေတာ သုံးရက်ရှိနေကြောင်းနဲ့ အခုသာမကယ်ရင် သေဖွယ်ရာရှိတော့ကြောင်း ပြောရှာတယ်။

“အရှင်တို့အမျိုးဟာ ရက်စက်တယ်လေ။ ဒါကြောင့် ကြောက်တာပေါ့။”

“မကြောက်ပါနဲ့ကွယ်၊ အခြားသတ္တဝါတွေလည်း ကူညီဖို့ ကမ်းလှမ်းတာကို အားလုံးက ထွက်ပြေးကြတယ်။ ကြောက်ကြတာနေမှာပေါ့။ နားလည်ပါတယ်။ နင့်ကို ဘာမျှမလုပ်ပါဘူး။ လုပ်လည်း မလုပ်နိုင်တော့ပါဘူး။ အားအင်လည်းချည့်နဲ့နေပါပြီ။ ငါ့ကို ကယ်တင်ပေးရင် တစ်သက်လုံး နင့်ကို အစာရှာကျွေးပါ့မယ်။ နင်မစားဖူးတဲ့ အသားတွေကိုလည်း ရှာဖွေကျွေးပါ့မယ်လို့ ကတိပြုပါတယ်။”

“အရှင် ကတိတည်ပါစေနော်။”

“စိတ်ချပါ၊ ငါကတိပေးပါတယ်။ ကျေးဇူးရှင်ကို ဘယ်တော့မှ ကျေးမစွပ်ပါဘူး။”

မြေခွေးဟာ ကူညီကောင်းပါတယ်လေဟုတွေးကာ ခြင်္သေ့ဘေးကို ကပ်လာတာပေါ့။ ခြေလေးဘက်နဲ့ ခြင်္သေ့ရဲ့ ဝမ်းဗိုက်အောက်ကရွှံ့တွေကို ယက်ထုတ်ပေးလိုက်တယ်။ ခြေထောက်လေးချောင်းရှိရာကို ရေသွယ်မြောင်း ဖောက်ပေးတယ်။ မြေခွေးက ခြင်္သေ့ရဲ့ ဗိုက်အောက်က ဝင်ထမ်းပေးလိုက်တယ်။ အကြိမ်ကြိမ်ကြိုးစားတဲ့အခါ လှုပ်လို့ရလာတာပေါ့ကွယ်။

“ရလောက်ပါပြီအရှင်၊ ဝမ်းဗိုက်အောက်က အထမ်းမှာ အားစိုက်ပြီး ရုန်းလိုက်ပါ၊ လွတ်မြောက်သွားမှာ သေချာပါတယ်။”

မြေခွေးက ခြင်္သေ့ရဲ့ဝမ်းဗိုက်ကို ပင့်ထမ်းပေးကာ ခြင်္သေ့မှာ ဟောက်သံပေးပြီး အားကုန်သုံး ခုန်ထွက်လိုက်ရာ မြေအမာပေါ်သို့ရောက်ရှိသွားလေတယ်။ မြေမာပေါ်ရောက်သွားပေမယ့် ခြင်္သေ့ဟာ သုံးရက်လောက် အစာငတ်၊ ရေငတ်ဖြစ်နေခဲ့ရတာကြောင့် မထူနိုင်ဘဲ လဲနေတော့တာပေါ့ကွယ်။

အဲဒီလိုဖြစ်နေတဲ့အတွက် ကယ်တင်ရှင်မြေခွေးမကပဲ လောလောဆယ်မှာ အစာရှာကျွေးနေရတယ်။ မကြာမီမှာပဲ ခြင်္သေ့ဟာ အားအင်တွေပြန်ပြည့်လာလို့ အဲဒီအချိန်ကစပြီး မြေခွေးမကို ကတိပေးထားတဲ့အတိုင်း ခြင်္သေ့က အစာများရှာကျွေးပြီး ကျေးဇူးဆပ်နေတော့တာပေါ့။

ဒီလိုနဲ့ အချိန်ကြာမြင့်လာတဲ့အခါ မျိုးဇာတိမတူသော်လည်း ခြင်္သေ့နဲ့ မြေခွေးမတို့ဟာ ယဉ်ပါးမိကြပြီး ပေါက်ဖွားလာတဲ့ကလေးတွေက ဖအေကို နွှယ်လို့ ခြင်္သေ့နဲ့တူကြလေတယ်။

တစ်နေ့မှာ မြေခွေးမဟာ ရုတ်တရက် သေဆုံးသွားလို့ ခြင်္သေ့ကြီးလည်း ကလေးတွေကိုခေါ်ဆောင်ကာ နေရာဟောင်းက ခြင်္သေ့ဂူကိုပြန်လာပြီး ခြင်္သေ့တွေကို အုပ်စီးလို့ အတူတကွနေထိုင်ကြတာပေါ့။

ခြင်္သေ့မှာ မူလကရှိနေတဲ့ ခြင်္သေ့ပေါက်စကလေးတွေနဲ့ ဆော့ကစားကြရင်း ဟိန်းကြ၊ ဟောက်ကြတဲ့အခါ ခြင်္သေ့ကြီးရဲ့ သားတစ်ကောင်ကလည်း အားကျမခံဟောက်လေရာ ခြင်္သေ့ကြီးမှာ အရှက်ကွဲရတော့တယ်။ ခြင်္သေ့ကြီးရဲ့ သားမှာ ဖအေဘက်ကိုနွှယ်လို့ ခြင်္သေ့နဲ့တူသော်လည်း အသံက အမေဘက်ပါတာကြောင့် ခြင်္သေ့သံမပေါက်ဘဲ မြေခွေးသံပဲထွက်နေလို့ အခြားခြင်္သေ့တွေက ပြုံးကြတာပေါ့ကွယ်။

“ငါတို့ အရှင်သခင် ခြင်္သေ့ကြီးဟာ ယုတ်နိမ့်တဲ့ မြေခွေးနဲ့ ဘယ်မှာရခဲ့တယ်ဆိုတာ မသိပါဘူးကွာ။”

ခြင်္သေ့ကြီးရဲ့ စိတ်ကနေသိနေတဲ့ စကားတစ်ခွန်းပါပဲ။ လက်အောက်ငယ်သားတွေက အသံထွက် မပြောကြပေမယ့် သူတို့ရဲ့ အပြုံးရိပ်တွေမှာ ဒီစကားကပျော်ဝင်နေလေရဲ့။

“သားငယ်၊ ဆော့တာလည်းဆော့ပေါ့။ ကစားတာလည်း ကစားပေါ့ကွာ၊ ဒါပေမဲ့ အသံမထွက်စေနဲ့ကွာ။”

“ပျော်လို့ပါ အဖေရဲ့၊ ကစားကြတဲ့အခါ အသံကလည်း ထွက်မှာပဲလေ။”

သားငယ်ရဲ့ ပါးစပ်ပိတ်နေအောင် ဘယ်လိုများ လုပ်ရပါ့မလဲလို့ ခြင်္သေ့ကြီးက အကြံထုတ်နေတော့တယ်။ ခြင်္သေ့ကား မြင့်မြတ်တယ်။ မြင့်မြတ်တဲ့အရာကို ခြင်္သေ့ဆီနဲ့ နှိုင်းကြတယ်။ ခြင်္သေ့ဆီက မြေခွက်မှာမနေ။ ရွှေခွက်မှာသာနေတယ်လို့ လူသားတို့က ဂုဏ်ပြုကြတယ်။ ခွေးဆိုတာ ဘယ်ခွေးပဲဖြစ်ဖြစ် ယုတ်ညံ့တဲ့စာရင်းမှာ သွတ်သွင်းကြတယ်။ ဒါကြောင့် ခြင်္သေ့ကြီးက ရှက်လွန်းလို့ သားငယ်ကို အနားသို့ခေါ်ပြီး တီးတိုးပြောပေမယ့် သားငယ်ကမသိ နားမလည်ဖြစ်နေလို့ အကြံထုတ်နေလေရာ ခဏအတွင်းမှာ အကြံရလေတယ်။

“သားရေ အဖေပိုင်တဲ့ တောသုံးထောင်ထဲက တစ်ထောင်ကို သား အပိုင်မစားချင်ဘူးလား။”

“အပိုင်စားချင်တာပေါ့ အဖေရာ။”

“ဒါဆိုရင်ကောင်းပြီ။ သားရဲ့ ပါးစပ်ကနေ ဘာသံမျှထွက်မလာစေနဲ့။ တိတ်တိတ်ကလေးနေရင် တောတစ်ထောင်ပေးမယ်။”

ခွေးခြင်္သေ့လေးက ဝမ်းသာအားရ ပြေးထွက်သွားပြီး ကစားဖော်တွေနဲ့ ကစားကြပြန်ရာက ဟိန်းကြဟောက်ကြတဲ့အခါ ခြင်္သေ့သံမထွက်ဘဲ မြေခွေးသံပဲထွက်နေလို့ ခြင်္သေ့ကြီးလည်း ငယ်သားများရှေ့မှာ ဆက်လက် အရှက်ကွဲမခံနိုင်တော့လို့ တစ်နေရာကို ပြောင်းရွှေ့ ထွက်ခွာသွားတော့တယ်။ ခွေးခြင်္သေ့လေးဟာ တိတ်တိတ်မနေမိလို့ တောတစ်ထောင်ရမယ့် အခွင့်အရေးလည်း ဆုံးရှုံးသွားတော့သတဲ့ကွယ်။ ။



# တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**မွန်တိုင်းရင်းသားစကားထာ**

ရှေးရှေးတုန်းက မွန်တို့ဌာနေ ရာမညတိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် ဗညားနှင့်လဂွန်းအိမ် အမည်ရှိ သူငယ်ချင်းနှစ်ယောက်ရှိလေသည်။

ဆယ်ကျော်သက်အရွယ်လူငယ်များဖြစ်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် ပညာသင်ယူလျက်ရှိသည်။ ဗညားနှင့်လဂွန်းအိမ်တို့သည် စည်းကမ်းသေဝပ်ပြီး စာကြိုးစားကြသူများဖြစ်သည်။ သို့သော် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိသည်။

“လဂွန်းအိမ်ရေ အချိန်ကျပြီနော် သူငယ်ချင်း။”

“အချိန်ကျရင် စလိုက်ကြရအောင်။”

ဗညား၏စကားကို လဂွန်းအိမ်က ပြန်ပြောလိုက်ခြင်းဖြစ်သည်။

“ကဲစပြီဆိုရင်တော့ စပြီဟေ့။ ‘ညှပ်ပြီးထိုး၊ ထိုးပြီးကွဲ ဆိုတာဘာလဲ’ ဖြေပေတော့ ဗညားရေ။”

“မင်းမေးတဲ့ ဥာဏ်စမ်းပဟေဠိကလည်း တစ်မျိုးပါပဲလား၊ မြန်မာစကားထာဥာဏ်စမ်းတော့ မဟုတ်လောက်ဘူး။ တိုင်းရင်းသားစကားထာထဲက ဖြစ်မှာတော့သေချာတယ်။ ခဏနော် စဉ်းစားနေလို့ပါ။”

ဗညားက လဂွန်းအိမ်ကို ပြန်လည်ပြောလိုက်ပြီး ဥာဏ်စမ်းမေးခွန်းကို တီးတိုးရွတ်ဖတ်နေလိုက်သည်။

“အဖြေက သိပ်မခက်ပါဘူးကွာ။ မင်းပြောသလိုပါပဲ၊ မေးခွန်းစကားထာက တိုင်းရင်းသားရိုးရာစကားထာတစ်ခုပဲ သူငယ်ချင်းရေ၊ မင်းကို အောက်လိုင်းပေးတာပါ။”

ဗညားက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အဖြေကို စဉ်းစားလို့ရသွားသည့်ဟန်ဖြင့် ရွှင်မြူးပြန်ပြောသည်။

“အဖြေက ရပါပြီ။ ဘာတဲ့ မေးခွန်းက‘ညှပ်ပြီးထိုး၊ ထိုးပြီးကွဲ ဆိုတာဘာလဲ’ဆိုတော့ကာ အဖြေက အပ် မဟုတ်လား။ မွန်တိုင်းရင်းသားရိုးရာစကားထာတွေထဲကပေါ့ကွာ။ ”

“မှန်ပ့ါဗျာ မှန်ပ့ါ။ လဂွန်းအိမ်က ပါးစပ်ကလည်းပြောရင်း လက်ကလေးကိုလည်း ထောင်ပြလိုက်သည်။ “ဒါဆိုရင် ငါမေးရမယ့်အလှည့်ရောက်ပြီနော်။”

“အေးပါကွာ မေးပါ။”

“မေးပြီ လဂွန်းအိမ်ရေ၊ ‘ပါးစပ်က စားပြီး ကျောကုန်းကချေးပါတာ’ ဘာကိုဆိုလိုတာလဲ” ဖြေလို့ရပါပြီ သူငယ်ချင်း။”

ဗညားမေးလိုက်သည့် ဥာဏ်စမ်းပဟေဠိမေးခွန်းကြောင့် လဂွန်းအိမ်တစ်ယောက် ခေါင်းကုတ်လိုက်ရင်း မျက်မှောင်ကျုတ်သွားရသည်။ ကောင်းကင်ကို မော့ကြည့်လိုက်ပြီး အကြံအိုက်နေပုံရသည်။

“လဂွန်းအိမ်ရယ် ဒီလောက်လည်းမခက်ပါဘူးကွာ။ မင်းကြည့်ရတာ ပင်ပန်းလိုက်တာ။ အပင်ပန်းမခံချင်ရင် ပန်းပေးလိုက်လေ။

“ရပါတယ် ဗညားရာ၊ မပင်ပန်းပါဘူး။ အဖြေရဲ့ခြေရာကို ကောက်မိနေပါပြီ ဖြေလိုက်ပါတော့မယ်။ အဖြေက ‘လက်သမားကိုင်ရွှေဘော်’ပေါ့။ အဓိပ္ပာယ်ကတော့ရွှေဘော်နဲ့သစ်တုံးကို တိုက်စားတဲ့အခါ အရှေ့ဘက်က ဆောက်သွားနဲ့သစ်တိုက်လို့ သစ်ကပါသွားပြီး အနောက်ဘက်နေရာကနေ သစ်ရွှေဘော်ထိုးတဲ့အစတွေ ထွက်ကျလာတာကို ခေါ်တာပေါ့၊ ဒါဆိုရင် အမှန်ရောမဟုတ်လား။”

“မှန်လိုက်တာလဂွန်းအိမ်ရာ တော်တယ်ကွာ။ အဓိပ္ပာယ်ရှင်းလင်းချက်ပါ ပါလာတော့ပိုကောင်းတာပေါ့၊ ဆရာကြီးပဲ ဒီလောက်မြန်မြန်နိုင်မယ်လို့ကို မထင်တာ။”

ဗညား၏စကားကြောင့် လဂွန်းအိမ်က သဘောတကျ ရယ်မောလိုက်ပြီး “အဲဒါ မွန်တိုင်းရင်းသား စကားထာဥာဏ်စမ်းတွေထဲကပေါ့” လို့ ထပ်ပြောလိုက်ရာ ဗညားမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

“ကဲကဲ ကိုယ်မေးရမယ့်အလှည့် ပြန်ရောက်လာပြီဆိုတော့ မေးပြီနော်။ ‘အပင်က ဝါး၊ အကိုင်းကကြိုး၊ အသီးကသံ ဆိုတာဘာလဲ’ ဖြေပေတော့ လဂွန်းအိမ်ရေ။”

“အမေးရှိတော့လည်း အဖြေရှိရမှာပေါ့ သူငယ်ချင်းဗညားရာ။ ခဏတော့စဉ်းစားပါရစေဦးကွာ။”

“ရပါတယ် စဉ်းစားပါ။ စဉ်းစားပါဗျာ။ အများကြီး မတွေးနဲ့ဦးနော်။ စဉ်းစားမရလို့လည်း စိတ်မညစ်နဲ့ ပန်းပေးရင် တစ်ခါတည်းဖြေပြလိုက်မယ်နော် ဟင်းဟင်း။”

ဗညား၏စကားကြောင့် လဂွန်းအိပ်ခမျာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ပြန်ပြောလိုက်သည်။

“ထုံးစံမရှိပါဘူး ဗညားရာ။ ပန်းပေးရိုးထုံးစံမရှိပါဘူးကွာ။ အဖြေက သိထားပါတယ်။ ဖြေမယ်နော်။ ဘာတဲ့ မေးခွန်းက ‘အပင်က ဝါး၊ အကိုင်းက ကြိုး၊ အသီးက သံ ဆိုတာဘာလဲ’ဆိုတာရဲ့ အဖြေက‘ငါးမျှားတံ’ ပေါ့ကွာ။ အဓိပ္ပာယ်ရှင်းလင်းချက်ကတော့ ငါးမျှားတံကို သစ်ပင်နဲ့ပုံပမာခိုင်းနှိုင်းထားတာပါ။ ငါးမျှားတံကို အပင်ပေါ့။ ငါးမျှားတံရဲ့ ကြိုးကို အကိုင်း၊ ငါးမျှားတံထိပ်မှာရှိတဲ့ ဖော့သီးကို အသီးလို့ ခိုင်းနှိုင်းထားတာပါဗျာ။ အဲဒီဥာဏ်စမ်းစကားထာက မွန်တိုင်းရင်းသားရိုးရာစကားထာပါပဲ။”

“မှန်ပါပေတယ် လဂွန်းအိမ်ရာ။ မင်းက ဆရာကြီးအစစ်ပါကွာ။”

ထိုစဉ် ဘုန်းကြီးကျောင်းမှ နာရီမောင်းသံ နှစ်ချက်ထွက်ပေါ်လာရာ စာအံ့ရန်အချက်ပေးနာရီမောင်းဖြစ်နေ၍ ဗညားနှင့်လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြလေတော့သည်။ ။

# ဝတ္ထုတို ဘဝဟူသည် . . .

ကောင်းစစ်လင်း

"ဟယ်လို မာစီးဒီး မော်ဒယ် ၂၀၀၇ အရောင်းပို့စ်တင်ထားတာတွေ့လို့ပါ။ ကားရှိသေးလားဗျာ"

"ဟုတ်ကဲ့ ရှိပါသေးတယ်ရှင့်"

"ကျွန်တော် အခုပဲလာကြည့်မယ်ဗျာ။ ဘယ်မှာလာကြည့်ရမလဲဗျ"

"မြေနီကုန်းမှာပါ။ မြေနီကုန်းရောက်ရင် ဖုန်းထပ်ဆက်လိုက်ပါ"

"ဟုတ်ကဲ့ ကျေးဇူးပါဗျာ"

အွန်လိုင်းတွင်တွေ့ရသည့် ကားအရောင်းပို့စ်တစ်ခုကိုကြည့်ကာ ဆက်သွယ်လိုက်ခြင်းဖြစ်သည်။ နာမည်ကြီး ဘရန်းထဲကလည်းဖြစ်၊ ကားကကြီးတဲ့အပြင် စျေးနှုန်းကလည်း မသေးပေ။ သမီးက ကြိုက်သည်ဆို၍သာ ကားရှာခြင်းဖြစ်ပြီး ခုတော့ မြေနီကုန်းတွင်ကြည့်ဖြစ်လိုက်သည်။ ကားကိုတွေ့တွေ့ချင်းပင် သဘောကျမိသည်။ တော်ရုံတန်ရုံသာကြည့်ပြီး စျေးကိုညှိကာ စရန်တန်းချလိုက်သည်။

"ဖေဖေ ကားသွားကြည့်တာ အဆင်ပြေလားဟင်"

"ပြေတယ် သမီးရေ၊ စရန်တောင်ချခဲ့ပြီးပြီ"

အိမ်ပြန်ရောက်ရောက်ချင်း သမီးကမေးသည်။ မာစီးဒီးကားစီးချင်သည့် သမီးကို အလိုလိုက်မိခြင်းကြောင့်သာ မာစီးဒီးကားအမျိုးအစားအကြောင်းကို ပြန်လည်စိတ်ဝင်စားမိခြင်းဖြစ်သည်။ ကျွန်တော့်စိတ်နှင့်သာဆိုလျှင် ဒီဘရန်းကို စဉ်းစားမိမည်မဟုတ်။

"ဖေဖေရယ် မာစီးဒီးက ကမ္ဘာကျော်ဘရန်းလေ။ ပြီးတော့ ကားကကြီးလည်းကြီး မြင့်လည်းမြင့်တော့ မောင်းရတာ အပေါ်စီးကျတယ်။ အပေါ်ကနေ စီးမိုးပြီးမောင်းရတာ အလွန်အရသာရှိတယ် ဖေဖေရဲ့"

သမီးကပြောပြောဆိုဆို စရန်ပေးစာချုပ်ကို လှန်လှောဖတ်ကြည့်နေသည်။ နောက်ပြီး ဓာတ်ပုံရိုက်လာသည့် "ဝိတက်"ကို စစ်ဆေးနေပြန်သည်။

"သမီးကြိုက်တယ်ဆိုရင် ပြီးတာပါပဲ"

"သမီးကတော့ ကြိုက်တယ်ဖေဖေ။ ဖတ်စ်အုံနာလို့သာပြောတာ အခုရောင်းမယ့်သူနဲ့ ဝိတက်ကနာမည်က မတူဘူးနော်။ ဖေဖေ အုံနာဘုတ်ကောကြည့်ခဲ့သေးလား"

"မကြည့်ဖြစ်ခဲ့ဘူး သမီးရေ။ စိတ်မပူပါနဲ့ ကားမှန်ကန်ကြောင်းကို ရာနှုန်းပြည့် အာမခံထားပါတယ်။ အမည်ပေါက်ပိုင်ရှင်ဖြစ်တဲ့ဖတ်စ်အုံနာနဲ့က သူတို့အလုပ်လုပ်လာတာကြာပါပြီတဲ့။ အမည်ပြောင်းချင်ရင်လည်း အပြီးလိုက်လုပ်ပေးမယ် ပြောထားတယ်။ လိုင်စင်ကလည်း ဝေးပါသေးတယ်။ ၂၀၂၂ ဧပြီလကုန်အထိရတယ်ဆိုတော့ အေးဆေးပါ"

သမီးကို ပြန်ပြောလိုက်ပြီး ဖုန်းကိုသာ ပြန်ပွတ်နေလိုက်သည်။

သမီးဖြစ်သူက မာစီးဒီးကားစီးရတော့မည်ဖြစ်သဖြင့် ပျော်မြူးနေသည်။ သူငယ်ချင်းများနှင့် ခရီးသွားဖို့ ခရီးစဉ်ပင် ရေးဆွဲနေလေတော့သည်။

"သမီးရေ မောင်းရတာ အဆင်ပြေရဲ့လား။ ဘယ်မောင်းဆိုတော့လေ၊ သမီးက ညာမောင်းကားပဲ မောင်းနေကျမဟုတ်လား။ ကျောင်းတက်တုန်းက ဟွန်ဒါဖစ်လေးစီးနေတာဆိုတော့ ဒီလိုကားကြီးမောင်းရတာ အခက်အခဲရှိနေမလားလို့"

"စစချင်း မောင်းကာစအချိန်တော့ ရင်တုန်တာပေါ့။ မမောင်းခင် ကားကြီးကိုကြည့်ပြီး လန့်နေတာ။ မောင်းလိုက်တော့လည်း အဆင်ပြေပါတယ်ဖေဖေ၊ ဆီလည်း ဝင်ထည့်လာတယ်။ ဒီဇယ်ပရီမီယမ် တိုင်ကီအပြည့် ထည့်တာ နှစ်သိန်းကျတယ်"

"ကောင်းတယ်လေ၊ ဆီအပြည့်ဖြည့်ထားတော့ သွားရလာရတာ အားမနာရဘူးပေါ့။ မောင်းတဲ့အခါမှာသာ သတိလေးထား မောင်းပေါ့။ မလောနဲ့။ ကွေ့တွေတို့ ပါကင်ထိုးတာတို့မှာ ဂရုစိုက်ရင်ရပါတယ်"

"ဟုတ်ကဲ့ဖေဖေ စိတ်ချပါ။ ဒီကားက ဆင်ဆာပါတော့ တစ်ခုခု အနားကဖြတ်သွားရင် အလန်းပေးတယ်။ ရှေ့ရောနောက်ရောပဲ ပိုပြီး သတိထားလို့ အဆင်ပြေတာပေါ့။ ဩော်- ဖေဖေ ညနေကျရင် ရွှေတိဂုံဘုရားသွားမယ်။ ဘုရားကို ဦးတိုက်ချင်တယ်။ ဖေဖေ လိုက်ခဲ့ရမယ်နော်"

"ရပါတယ်သမီးရယ် လိုက်မှာပေ့ါ။ တချို့ကတော့ ရွှေညောင်ပင်မှာလည်း ကားပြကြတယ်နော်"

"အို ဖေဖေရယ်။ သမီးကတော့ ရွှေတိဂုံဘုရားကြီးကိုပဲ ဦးခိုက်မယ် ဦးတိုက်မယ်နော်။ အရင်ကားလေးတုန်းကလည်း ရွှေတိဂုံဘုရားမှာပဲ ပထမဆုံးဦးတိုက်တာပဲလေ။ ဖြစ်တယ်မလားဖေဖေ"

"သမီးသဘောပါကွယ်။ သမီးတွေးတာ ကောင်းပါတယ်"

သမီး၏ပြောစကားကို သဘောကျနေမိသည်။ ခိုင်မာပြတ်သားသည့် ဆုံးဖြတ်ချက်စကားများကို ပြောတတ်နေလေပြီ။ နောက်နေ့မှာ သမီးက သူငယ်ချင်းများနှင့် ချောင်းသာကိုသွားကြမည်ဟုပြောသော အခါ အသာတကြည် ခွင့်ပြုပေးလိုက်သည်။

လွတ်လပ်စွာ ပျံသန်းလိုက်ပါ သမီး။

"ဟင်- ဒေါ်ခင်မိမိမုန်း ..."

သမီးချောင်းသာကိုသွားနေစဉ် မာစီးဒီးကား၏ ဆက်စပ်စာချုပ်များကို ကြည့်နေမိရာက ဖတ်စ်အုံနာ အမည်မှာ ဒေါ်ခင်မိမိမုန်းဟု တွေ့လိုက်ရခြင်းကြောင့်ပင်ဖြစ်သည်။

"မုန်းများဖြစ်နေမည်လားဟူသည့် အတွေးက စိုးမိုးလာတော့သည်။ ဖိုင်ထဲမှစာရွက်စာတမ်းများကို တစ်ခုချင်းကြည့်နေမိရာက မှတ်ပုံတင်မိတ္တူတစ်ခုက မုန်းမှ မုန်းအစစ်ဖြစ်ကြောင်း သက်သေခံလိုက်သည်။ ခေါ်ခင်မိမိမုန်းသည် ကျွန်တော်၏ မုန်းပင် ဖြစ်လေသည်။

"ရေစက်က မကုန်နိုင်ပါလား မုန်းရယ်"

တီးတိုးရေရွတ်လိုက်မိသည်။ ရင်ကား လှုပ်ခုန်လျက်ပင်ရှိသေးတော့၏။

မုန်းနှင့် ကျွန်တော်က တက္ကသိုလ်မှာတွေ့ပြီး ချစ်သူတွေဖြစ်ခဲ့ကြသည်။ ရိုးရှင်းသည့် စံပြချစ်သူများအဖြစ် သူငယ်ချင်းများကြားတွင် ထင်ရှားသည်။ မုန်းကသူဌေးသမီး။ မာစီးဒီးစလွန်းကားဖြင့် တက္ကသိုလ်ကျောင်းတက်သူ။ ကျွန်တော့်လိုတောသားနှင့်က မိုးနှင့်မြေလိုကွာခြားသည်။

နောက်ဆုံးနှစ်ကျောင်းစတက်ရက်များတွင်ပင် ကျွန်တော် နိုင်ငံခြားထွက်ကာ အလုပ်လုပ်ခွင့်ရသည်။

"မုန်းနဲ့ အဆက်အသွယ် မပြတ်ပါနဲ့နော်။ ကို့ကို မုန်းချစ်တယ်"

မုန်းပြောခဲ့သည့်စကား။စကားလုံးတို့က လတ်ဆတ်နေဆဲဖြစ်လေသည်။ မုန်းဆက်သွယ်လာပေမယ့် ကျွန်တော်က ပြန်လည်မဆက်သွယ်ဖြစ်တော့။ နောက်ပိုင်းမှာ ကျွန်တော့်အား ငွေကုန်ကြေးကျခံကာ နိုင်ငံခြားသို့ စေလွှတ်ပေးခဲ့သည့် မိသားစုဝင်ဖြစ်သူ သမီး၏မေမေနှင့် လက်ထပ်ဖြစ်ခဲ့သည်။ မုန်းနှင့်တကွ သူငယ်ချင်းများ အားလုံးကို အဆက်ဖြတ်ကာ နေနေလိုက်မိသည်။

မုန်းတို့ မိသားစုက မာစီးဒီးကားများ သီးသန့်ရောင်းသည့်ကုမ္ပဏီပိုင်ရှင်များဖြစ်ကြောင်း နောက်ပိုင်းမှ သိလိုက်ရသည်။

ယခုအချိန်အထိ မုန်းနှင့် နီးစပ်သည့်အသိုင်းအဝိုင်းနှင့် ခပ်ဝေးဝေးနေလာခဲ့သည်မှာ သမီးအသက်မကရှိပေပြီ။ မုန်းအား ကျွန်တော့်ကို ခွင့်လွှတ်ရန် ဘယ်သောအခါမှ မပြောတော့ဟု ဆုံးဖြတ်ထားခဲ့ပြီးဖြစ်သည်။

ဘဝဟူသည် ကံဇာတ်ဆရာအလိုကျ ကနေရပါလားဟု သံဝေဂရမိပါတော့သည်။

■

# "မြို" တိုင်းရင်းသားလူမှုဘဝ

မနုဿဝင်းမော်

**အမျိုးသားအမျိုးသမီးတို့ဓလေ့**

"မြို"တိုင်းရင်းသားသွေးချင်းတို့သည် ရခိုင်ပြည်နယ် မေယုတောင်တန်းကြီး၏ တောင်စွယ်၊ တောင်သွယ်၊ တောင်ကြားဒေသများနှင့် စိုင်းဒင်ချောင်းဖျားဒေသတို့တွင် အများဆုံးနေထိုင်ကြသည်။ စစ်တွေခရိုင်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်တို့တွင် ပျံ့နှံ့နေထိုင်ကြကြောင်း သိရသည်။

ဗမာတိုင်းရင်းသားတို့က "မြို" ဟုခေါ်ဆိုကြပြီး ရခိုင်တိုင်းရင်းသားတို့က "မရို"ဟုခေါ်ဆိုကြသည်။

အသက် ၁၆ နှစ်အရွယ်သို့ ရောက်ရှိလာသော "မြို" တိုင်းရင်းသား ယောက်ျားလေးများအား လူပျိုဖော်ဝင်ပြီဟု သတ်မှတ်ကြသည်။ ဤအရွယ်သို့ ရောက်ရှိလာသော ယောက်ျားလေးများသည် လူပျိုလှည့်နိုင်ကြပြီဖြစ်သည်။

အရွယ်တော်ဝင် လူပျိုကလေးများသည် မိမိတို့ကို မိန်းမပျိုများ စိတ်ဝင်စားလာကြစေရန် ဝတ်စားဆင်ယင်အလှပြင်လေ့ရှိသည်။ သျှောင်ထုံး၌ ဘီးစိုက်ခြင်း၊ ဆံထိုးထိုးခြင်းများပြုလုပ်ကြသည်။ ဗိုလ်ကေထားသူတို့က ဦးခေါင်းဆံပင်ကို ဆီမွှေးလိမ်းကာ ဆံပင်ကို ပြားချပ်နေအောင်ဖြီးကြသည်။ နားတွင်လည်း ပန်းပန်ခြင်း၊ မျက်နှာတွင် ဆေးနီများခြယ်သကြသကဲ့သို့ အချို့က နှုတ်ခမ်းနီဆိုးကြလေ့ရှိသည်။

ကာလသားကြီးများထံမှ အချစ်သီချင်းများ၊ ချစ်ကြိုက်စကား ပြောနည်းများကို သင်ယူကြရသည်။

လူပျိုကာလသားကြီးတစ်ဦးအား ခေါင်းဆောင်စေလျက် လူပျိုလှည့်ရန်အတွက် အပျိုအိမ်သို့သွားကြရသည်။ တစ်ရပ်တစ်ကျေးမှ လူပျိုလှည့်ရန် လာရောက်ကြသော ဧည့်သည်လူပျိုတို့ကမူ ရွာခံကာလသားခေါင်းကို အရက်တစ်ပုလင်း လက်ဆောင်ပေးပြီးမှ လူပျိုလှည့်ခွင့် တောင်းခံကြရသည်။

သမီးရှင်မိဘများသည် မိမိ၏သမီးကကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အိမ်သို့ရောက်လာကြသော လူပျိုများကို သဘောထားကြီးစွာဖြင့် လူပျိုလှည့်ခွင့်ပေးကြရသည်။

"မြို"တိုင်းရင်းသားသွေးချင်း မိန်းမပျိုလေးများသည် အချစ်ရေးနှင့်ပတ်သက်လာလျှင် ရိုးသားပွင့်လင်းကြသည်။ မူယာမာယာများလေ့မရှိကြပေ။

လူပျိုလှည့်ရန် လာရောက်ကြသူတို့သည် "ပလုံ" ခေါ် ဘူးသီးခြောက်ပလွေနှင့် တိန်တောင်ခေါ် ဝါးလုံးတွင် ကြိုးတပ်ထားသည့် စောင်းတူရိယာတစ်မျိုးကို ယူဆောင်လာတတ်ကြသည်။ ထိုတူရိယာကို တီးမှုတ်၍ အချစ်သီချင်းများ သီကျူးကာ အပျိုကို ချစ်ရေးမြူလေ့ရှိကြကြောင်း သိရသည်။

"မြို" တိုင်းရင်းသားသွေးချင်း မိန်းမပျိုလေးများသည် မိမိက ချစ်ကြိုက်လျှင် ချစ်ကြိုက်ကြောင်း၊ ချစ်ရေးဆိုသူ၏ အချစ်ကိုလက်ခံကြောင်း ပွင့်လင်းစွာပင် တုံ့ပြန်ပြောဆိုတတ်ကြသည်။

ချစ်သူဘဝသို့ ကူးပြောင်းသွားပြီဖြစ်သော အကြင်မောင်မယ်နှစ်ဦးတို့သည် အများမျက်ကွယ်နေရာတွင် ချိန်းဆိုတွေ့ဆုံကြလျှင် တစ်ဦး၏ပေါင်ပေါ်တွင် တစ်ဦးက ဦးခေါင်းတင်ကာ မျက်ခုံးမွေးများကို အပြန်အလှန် နုတ်ပေးလေ့ရှိကြသည်။



"မြို"တိုင်းရင်းသား အမျိုးသားနှင့် အမျိုးသမီး။

မျက်ခုံးမွေးနုတ်ထားသော အပျိုလူပျိုတို့ကို တွေ့မြင်ရလျှင် ထိုသူတို့သည် ချစ်သူရှိပြီးသားသူများဖြစ်ကြကြောင်း မပြောဘဲနှင့် သိနိုင်ကြသည်။ ချစ်သူရှိပြီးသား အပျိုတို့အား အခြားသော လူပျိုတို့က ပိုးပန်းမှု မပြုကြတော့ပေ။

"မြို"တိုင်းရင်းသားအမျိုးသားတို့မှာ သျှောင်ထုံးကို သပ်သပ်ရပ်ရပ်ထုံးကြသည်။ သျှောင်ထုံးတွင် ဘီးများ စိုက်ထိုးကြသည်။ အိမ်ထောင်ရှင်ဖြစ်သွားကြသည့် အမျိုးသားတို့မှာ နှစ်ကိုက်ခန့်အလျားရှိသော အဝတ်ဖြူစဖြင့် ခေါင်းပေါင်း ပေါင်းလေ့ရှိသည်။ ယင်းတို့သည် ရိုးရိုးနားကွင်းပြားကိုသာ ဆွဲလေ့ရှိပြီး မျက်နှာပြင်ပေါ်တွင် ဆေးအနီရောင်ဖြင့် အကွင်းအကွက်ဒီဇိုင်းများကို ရေးခြယ်ထားလေ့ရှိသော်လည်း လူပျိုတို့မှာမူ နားတွင် ပန်းပွင့်အနီပါသော နားကွင်းပြားကို ဆွဲလေ့ရှိကြသည်။

လက်ကြပ်နှင့် လက်ကောက်များကိုလည်း ဝတ်ဆင်ကြပြီး သန္တာပုတီးစေ့များကို လည်ဆွဲအဖြစ် ဆင်မြန်းလေ့ရှိကြသည်။ မျက်မှောက်ခေတ်တွင် ဗမာအမျိုးသားများကဲ့သို့ ဝတ်ဆင်လာကြကြောင်း သိရသည်။

"မြို" တိုင်းရင်းသူတို့မှာ နောက်တွဲဆံထုံးထုံးကာ ဦးခေါင်းအနောက်ဘက်တည့်တည့်၌ ဘီးကို စိုက်ထိုးထားလေ့ရှိကြသည်။ ဆံထိုးနှင့် ဆံညှပ်များကိုလည်း ဆံကေသာ၏အဆင်တန်ဆာများအဖြစ် ဆင်မြန်းလေ့ရှိကြသည်။ အိမ်ထောင်ရှင်အမျိုးသမီးတို့ကမူ အရှည်တစ်ကိုက်ခန့်ရှိသော အဝတ်စကို ဦးခေါင်းတွင် ရစ်ပတ်ပြီး နောက်တွဲဆံထုံးအောက်၌ ချည်နှောင်ထားလေ့ရှိကြသည်။ ခေါင်းပွအဝကျယ် နားတောင်းများကို နားတွင် ပန်ဆင်ကြပြီး လက်ကြပ်၊ လက်ကောက်၊ လက်စွပ်တို့ကို ဝတ်ဆင်ကြသည်။ ခြေချင်းကိုလည်း ဝတ်ဆင်လေ့ရှိသည်။

မျက်မှောက်ခေတ်တွင် "မြို"တိုင်းရင်းသူတို့သည် သာမန်အချိန်များ၌ ဗမာအမျိုးသမီးများကဲ့သို့ ဝတ်စားဆင်ယင်ထုံးဖွဲ့ကြသည်။ ရိုးရာအခမ်းအနားများ၌သာ ရိုးရာဝတ်စုံများကို ဝတ်စားဆင်မြန်းလေ့ရှိကြပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။

**ရည်ညွှန်း။** ။ ဆန်းကြယ်ထွေပြား"မြို"ဓလေ့များ၊ မနုဿကျော်ဝင်း (အမျိုးသားစာပေဆုရ)။
သုတအလင်းမဂ္ဂဇင်း၊
အမှတ်(၃၈)၊ မေလ၊ ၂၀၁၉ ခုနှစ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီနှစ်ဟာ စိန်ရတုလွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် လွတ်လပ်ရေးရဲ့အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့အနှစ်သာရများ အပြည့်အဝခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါ့ကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့ သတ်မှတ်ပြီး တစ်နိုင်ငံလုံးငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန်ကြိုးစားနေပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

# စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍမှစတင်၍ အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် အခြေခံအစားအသောက်များကို ထုတ်လုပ်နိုင်ရန်လိုအပ်

## နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီစွာ စနစ်တကျထုပ်ပိုး၍ နိုင်ငံတကာဈေးကွက်များတွင် ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ မိတ်ဆက်ခြင်းနှင့် ဖြန့်ဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ ဦးမောင်းဟာနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ မိတ်ဆက်ခြင်းနှင့် ဖြန့်ဝေခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် မန်စီးတီးက ရီးယဲလ်မက်ဒရစ်ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ




မန်စီးတီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ယနေ့နံနက်ပိုင်း ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်မန်စီးတီးအသင်းက ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် နှစ်မိနစ်မှာ ဒီဘရိုင်း၊ ၁၁ မိနစ်မှာ ဂါဘရီယယ်ဂျီးဆပ်၊ ၅၃ မိနစ်မှာ ဖီးလ်ဖိုဒန်နဲ့

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

အနာဂတ်ကွက်လပ်များ၏အဖြေ စာမျက်နှာ » ၆

မြန်မာ့ရွှေ့ဆောင်ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၊ ဘဏ်တွင် ငွေစုဆောင်းထားရှိသူများအနေဖြင့် စိုးရိမ်ပူပန်ရန်မလိုကြောင်း သတင်းထုတ်ပြန် စာမျက်နှာ » ၉

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည် အပေါ် အမိန့်ချမှတ် စာမျက်နှာ » ၁၄